# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၃ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၂၃၀)


- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

## ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅.၅.၂၀၂၆ ရက်နေ့မှ ၃၁.၅.၂၀၂၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "ကျောင်းအပ်နှံရေးသီတင်းပတ်" အတွင်း ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သီရိရတနာခန်းမနှင့် စာသင်ခန်းများတွင် "ကျောင်းအပ်နှံရေးသီတင်းပတ်" အတွင်း ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး စနစ်တကျစီမံထားရှိမှု၊ အခမဲ့ထောက်ပံ့ပေးသွားမည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်နှင့် အသစ်ဖွင့်လှစ်မည့် ဖူဆယ်ကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရန်နှင့် စာကြည့်တိုက်တွင် စာပေဖတ်ရှုလေ့လာသည့် အလေ့အထကောင်းများရှိစေရေး ဆောင်ရွက်သွားရန်၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ တာဝန်ချထားမှုနှင့် စာသင်ချိန်ဇယားများ စနစ်တကျရေးဆွဲပြင်ဆင်ထားရှိရန်၊ ကာယအချိန်တွင် ကျောင်းသား ကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်


*စာမျက်နှာ ၃ ကော်လံ ၁ ➔*




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆- ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## မိုးတိမ်တောင်များဖြစ်ထွန်းမှုကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

**အမြင့်ဆုံး နေ့အပူချိန်များ (၂၂ - ၅ - ၂၀၂၆)**

| | | |
|---|---|---|
| ချောက်မြို့ | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၄၃ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၁ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၄၁ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေးမြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၃၉ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဖတ်စရာ**

အိပ်မက်တွေ ရှင်သန်နေဖို့ . . . — ဆောင်းပါး — စာ ၆

၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်း လူငယ် အခြေခံနှင့်တန်းမြင့်သင်တန်း စခန်းပေါင်းစုံသင်တန်း ဆင်းပွဲပြုလုပ် — ပြည်တွင်းသတင်း — စာ ၇

သီးနှံများတွင် ဓာတ်မြေဩဇာ အသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၅) — ဆောင်းပါး — စာ ၁၀

မြန်မာ့အလင်း

# ကိုယ့်မြို့ ကိုယ့်ရပ်ရွာ သာစေကြောင်း

ရပ်ရွာဒေသများ အပတ်စဉ် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိကြရာ သန့်ရှင်းသပ်ရပ်မှုများမှာလည်း တစ်ပတ်ထက်တစ်ပတ် ပိုမိုတိုးတက်လာသည်။ သို့ရာတွင် သန့်ရှင်းရေး ပြုလုပ်ကြရုံမျှဖြင့် မလုံလောက်ဘဲ ပြုလုပ်ပြီးသမျှ သန့်ရှင်းမှုတို့ တည်စေ၊ မြဲစေဖို့ ရပ်ရွာနေသူ အားလုံးက ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုသည်။ အပတ်စဉ် ရုံးပိတ်ရက်တစ်ရက်တွင် ဝိုင်းဝန်းစုပေါင်း သန့်ရှင်းရေးလုပ်လိုက်ကြပြီး ကျန်ရက်သတ္တတစ်ပတ်လုံး စည်းကမ်းမဲ့စွာ စွန့်မြဲ၊ ပစ်မြဲ၊ ရှုပ်မြဲ၊ ဖွမြဲ လုပ်ကြမည်ဆိုလျှင် တစ်ရက်ခံ သန့်ရှင်းရေးမျှသာ ဖြစ်မည်။

မြို့ရွာများ သန့်ရှင်းမှုသည် ဇာတိ ပဝတ္တိ နေထိုင်ကြသူတိုင်း၏ ကိုယ်ရောစိတ်ပါ နှစ်ဖြာသော ကျန်းမာချမ်းသာမှုတို့အပေါ် များစွာ အကျိုးသက်ရောက်မှုရှိသည်။ သန့်ရှင်းမှုအပေါ်တွင် သပ်ရပ်မှုကိုပါ ထပ်ဆင့်မည်ဆိုလျှင် ထိုအရပ်ဒေသသည် စိတ်နှလုံး မွေ့လျော်ဖွယ် ဖြစ်လာသည်။ လမ်းများ၊ လူသွားစင်္ကြံများ၊ ရေနုတ်မြောင်းများ၊ တူးမြောင်းများ၊ ရေကန်များ၊ လူနေအိမ်ရာ အဆောက်အအုံများ၊ နေအိမ်ဥပစာ ခြံစည်းရိုးများနှင့် ဥယျာဉ်ငယ်များ၊ အရိပ်ရပင်များနှင့် ရာသီအလိုက် ဖူးပွင့်ကြသည့် အပင်များ၊ ဈေးများ၊ ဆိုင်များ၊ အများပြည်သူဆိုင်ရာ နေရာများ၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်များ စသည်ဖြင့် မြို့ပြနှင့် သက်ဆိုင်သည့်အရာများအားလုံး သူ့နေရာနှင့်သူ သန့်ရှင်းသပ်ရပ်နေသည့် ကမ္ဘာကျော်မြို့များ၏ မြို့ပြရှုခင်းမြင်ကွင်းများကို တွေ့မြင်ကြရသူတိုင်းက ရင်သပ်ရှုမောကြသည်။ စိတ်ကြည်နူးပျော်မွေ့ဖွယ်ရာ ထိုနေရာ၊ ထိုဒေသများသို့ အရောက်သွား၍ ကိုယ်တိုင်ကိုယ်ကျ ခံစားကြည့်လိုကြသည်။

စင်စစ်အားဖြင့် မိမိတို့နိုင်ငံရှိ မြို့ရွာဒေသ အားလုံးတို့မှာလည်း ကိုယ်ပိုင်အလှတရားနှင့် ထူးခြားချက်ကိုယ်စီရှိကြသည်ချည်းသာ ဖြစ်သည်။ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ မြို့တော်များ၊ ဒေသအလိုက် ကွဲပြားခြားနားသည့် ပထဝီအနေအထားနှင့် ဂုဏ်တင်လောက်စရာ အလှကိုယ်စီ ပိုင်ဆိုင်ထားသည့် မြို့များ၊ ရွာများ များစွာတို့မှာ မိမိတို့ ဖော်ထုတ်နိုင်ကြမည်ဆိုလျှင် ကမ္ဘာကျော်နိုင်မည့် နေရာများပင်ဖြစ်သည်။ သို့ရာတွင် မိမိတို့ မြို့ရွာများစွာတို့၏ ပကတိအလှတရားတို့မှာ ဖော်ထုတ်မှု၊ ထိန်းသိမ်းမှုတို့အားနည်းနေသလို ချုံနွယ်ပိတ်ပေါင်းများ၊ ကျူးကျော် အဆောက်အအုံများ၊ အမှိုက်သရိုက်များ၏ ဖုံးကွယ်မှုနောက်သို့ ရောက်ရှိနေသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ၊ ကိုလိုနီခေတ် လက်ကျန် သမိုင်းဝင် အဆောက်အအုံများ၊ ဒေသ၏ ထင်ရှားသော အထိမ်းအမှတ် ( Landmark ) အရာဝတ္ထုများ၊ ထင်ရှားသောပုဂ္ဂိုလ်များနှင့် ဆက်နွှယ်နေသည့် အဆောက်အအုံများ၊ ရာဇဝင် ပုံဝတ္ထုများ စသည်တို့နှင့် သက်ဆိုင်သည့် နေရာများ စသည်တို့မှာ မြို့ရွာဒေသများစွာတို့မှာ ကိုယ်စီရှိနေကြသည်။ ထိုကဲ့သို့သော အဆောက်အအုံ၊ အရာဝတ္ထု၊ အထိမ်းအမှတ်နေရာ စသည်တို့ကို ကမွည်းထိုး၍ ဖော်ထုတ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသို့ မုတ်သုံလေ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မကြာမီ မိုးရာသီ ရောက်ရှိလာတော့မည်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွင် မိုးလေတို့သည် အစိုးမရ၊ အစွန်းရောက်မိုးလေဝသဖြစ်စဉ်တို့ ချိန်ခါမရွေး ဖြစ်ပေါ်နိုင်သည်ဟု မျှော်လင့်ထားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ မိမိတို့နေထိုင်ရာ ရပ်ရွာများအတွင်း အမှိုက်သရိုက်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ကင်းစင်နေစေရန် ရှင်းလင်းထားကြရမည်ဖြစ်သကဲ့သို့ လမ်းများပေါ်တွင် ရေမတင်စေရန်၊ ရေနုတ်မြောင်းများ ရေဆင်းကောင်းစေရန်လည်း ရှင်းလင်းထားကြရမည်ဖြစ်သည်။ မြို့တွင်းလမ်းများတွင် သစ်ပင်များ အုပ်မိုးခြင်းသည် အရိပ်ရခြင်းထက်ပို၍ မှောင်နေစေမည်၊ လမ်းပေါ်တွင် စိုစွတ်နေစေမည်ဆိုပါက သစ်ကိုင်းများကို လိုအပ်သလောက် ဖယ်ရှားရှင်းလင်းကာ အလင်းဖွင့်ပေးရမည်ဖြစ်သည်။

ထို့အပြင် မြင်ကွင်းညစ်ညမ်းမှုကို ဖြစ်စေသည့် ကြော်ငြာဆိုင်းဘုတ် အဟောင်းအပျက်များ၊ လျှပ်စစ်ကြိုး၊ ဖုန်းကြိုး၊ အင်တာနက်ကြိုးအရှုပ်အထွေးများ၊ နံရံကပ်ကြော်ငြာများ အပါအဝင် အသုံးပြုခြင်းမရှိသည့် အရာဝတ္ထုများ အားလုံးကိုလည်း အများပြည်သူမြင်ကွင်းမှ ဖယ်ရှားပစ်ရန် လိုမည်ဖြစ်သည်။ သို့ရာတွင် အချို့သော အပျက်အစီး အဟောင်းအနွမ်းတို့သည် သမိုင်းတန်ဖိုးရှိသော ဒေသ၏ အမွေအနှစ်ဖြစ်နေပါက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရမည်လည်းဖြစ်သည်။ မိမိတို့နေထိုင်ရာ လုံးချင်းအိမ်များ၊ စုပေါင်းအိမ်ရာများနှင့် ရုံးဌာနဆိုင်ရာ အဆောက်အအုံ မျက်နှာစာများ စသည်တို့ကို အမြဲထာဝစဉ် သပ်ရပ်တင့်တယ်စွာ ထိန်းသိမ်းထားကြရန်နှင့် မိမိတို့နေထိုင်ရာ မြို့ပြရပ်ရွာများ လှပတင့်တယ်မှုသည် မိမိတို့၏ ဂုဏ်သိက္ခာတစ်ရပ်အဖြစ် ဂုဏ်ယူလိုစိတ် မွေးကြရန်လည်းလိုသည်။

မြန်မာစကားတွင် "အိမ်သာလျှင် ဧည့်လာသည်" ဟူ၍ ဆိုရိုးရှိရာ ကိုယ့်အိမ်ကိုယ့်ရာသဖွယ်ဖြစ်သော ကိုယ့်မြို့ကိုယ့်ရွာသို့ ဧည့်ကောင်းဆောင်ကောင်းတို့ လာရောက်ကြခြင်းဖြင့် ဒေသအကျိုး၊ မိမိတို့အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည့်အလျောက် ရပ်ရွာများ သန့်ရှင်းသာယာလှပစေရန် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား ပါဝင်ကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော်  မေ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ရသစာတမ်း ဒုတိယဆုရရှိသည့် စာရေးသူ **သုတိဩဘာ (ဆင်ပေါင်ဝဲ)**၏ **'ရွာဦးကျောင်း ဆရာတော်တစ်ပါး၏ ဘဝမှတ်တမ်း'**စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စာတမ်းတို(၂၇)ပုဒ်ပါဝင်သည်။ အကြောင်းကြောင်းကြောင့် စိတ်ဝမ်းကွဲပြီး မညီမညွတ်ဖြစ်နေသော ရွာနှစ်ရွာရှိ ရွာသူရွာသားများကို ညီညွတ်မျှတ၊ သဟဇာတဖြစ်လာအောင် စာရေးသူရဟန်းက ခက်ခက်ခဲခဲကြိုးပမ်းရင်း ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့၊ ဒုက္ခအဖုံဖုံ၊ စိန်ခေါ်မှုမျိုးစုံတို့ကို လောကအကြောင်း၊ ဓမ္မကြောင်းတို့ဖြင့် လည်းကောင်း၊ ဟာသနှော၍လည်းကောင်း စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဖွဲ့ခြယ်မှုန်းထားသည့် ရသစာစုများပါဝင်သော စာအုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၂၂-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၇ ~ ၃၆၆၆.၄ | ၅၅၇.၈ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၁၅,၁၉၄,၁၀၃.၄၂ | ၆,၀၇၂,၄၄၀.၅၁ | ၃၉,၃၂၈,၇၉၇.၂၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ တိရစ္ဆာန်အစာ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ ကတ္တရာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၉၃ သန်းကို ရောင်းချပေးခဲ့ပါသည်။

**၂၂ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး** (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ - ၅ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၈၅ | ၄၇၇၀ | ၄၇၁၀ | ၄၆၀၀ | ၄၇၇၀ | ၄၇၈၅ | ၄၈၃၅ | ၄၆၈၀ | ၄၈၃၅ | ၅၁၅၅ | ၄၇၀၅ | ၄၈၇၅ | ၄၈၁၀ | ၄၇၆၀ | ၄၇၆၀ | ၄၉၇၅ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၆၀ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၄၄၆၀ | ၄၆၄၀ | ၄၅၈၀ | ၄၄၇၅ | ၄၆၄၀ | ၄၆၅၀ | ၄၇၀၀ | ၄၅၅၀ | - | ၅၀၀၅ | ၄၅၇၅ | ၅၀၅၅ | ၄၆၇၅ | ၄၆၃၀ | ၄၆၃၀ | ၄၈၃၀ |
| HSD (50 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | ၅၇၃၅ | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၄၈ | ၄၄၆၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၂၄၀ | ၄၃၅၆ |
| HSD (50 ppm) | ၅၂၁၉ | ၅၃၅၄ |
| HSD (10 ppm) | ၅၂၁၉ | ၅၃၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဟန်လင်းအောင်
**စာတည်းမှူး** - ခင်ရတနာ
**စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ပိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့
**အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊
**သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

○ *ရှေ့ဖုံးမှ*

စေရန်နှင့် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်၊ မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ပူးပေါင်း၍ ကျောင်းဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်၊ ကျောင်းကြို / ပို့ယာဉ်များ စနစ်တကျစီစဉ်ထားရှိရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ပညာ့ဗိမာန်ခန်းမနှင့် စာသင်ခန်းများတွင် ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့ပေးမည့် ပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ပညာ့ဘဏ်စာကြည့်တိုက်နှင့် ကျောင်းဘုရားခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပျိုးထောင်ပေးကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့ပေးမည့်ပစ္စည်းများ စနစ်တကျပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျရာကဏ္ဍမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**အခမဲ့ထောက်ပံ့**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရေးကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများမှာ အခမဲ့ ကျောင်းဝင်ကြေးနှင့် အခြား မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း ပညာရေးစနစ်ဖြစ်သောကြောင့် မည်သည့် ကြေးမျှပေးသွင်းရန် သိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(၁)၌ ၂၀၂၆- ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၂၂**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန် ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော “ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဖို့၊ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့ (Acting Locally for Global Impact)” ဟူသည့် ဆောင်ပုဒ်အရ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် မိမိတို့ရပ်ရွာဒေသမှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံးပါဝင်သော ချဉ်းကပ်မှုဖြင့် အခြေပြုစတင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၄ ခုနှစ်မှ စ၍ပါဝင်ခဲ့ပြီး မြန်မာ့ဒေသရင်း အပင်မျိုးစိတ် ၈၆၄ မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ် ကိုးမျိုး၊ ငှက်မျိုးစိတ် ၁၀ မျိုးနှင့် တွားသွားသတ္တဝါမျိုးစိတ် ၂၁ မျိုးတို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခုကို ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် ယူနက်စကို လူသားနှင့် ဇီဝအဝန်းနယ်မြေ နှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခုနစ်ခု၊ အာဆီယံအမွေအနှစ်ဥယျာဉ် ရှစ်ခုနှင့် အရှေ့အာရှ - ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက် ရှစ်ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းခြင်းအား လက်တွေ့နေ့စဉ် လုပ်ဆောင်ချက်များမှ တစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့် စသည်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အကြောင်းရင်းများကို လျှော့ချဆောင်ရွက်ခြင်း မပြုလုပ်ပါက လာမည့် ဆယ်စုနှစ်များအတွင်း မျိုးစိတ်ပေါင်း တစ်သန်းခန့် မျိုးသုဉ်းပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်လျှော့ချရေးအတွက်လည်း အလွန်အရေးပါသဖြင့် သစ်တောဂေဟစနစ်များ၏ အရင်းအမြစ်ဖြစ်သော သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအား တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းသည် လက်ရှိကာလသာမက အနာဂတ်အတွက် ကတိကဝတ်အဖြစ် သတ်မှတ်၍ အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအား ပူးပေါင်း ပါဝင်လာစေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video clip ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပိုစတာများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ် (၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်း လုပ်ငန်းကို မေ ၂၃ ရက်နှင့် မေ ၂၄ ရက်တို့တွင် ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ရွာများသို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်းရှိ ကညင်ဆည်တွင် ကညင် (၁၀ ဒသမ ၅) မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအား Kanyin Hydro Power Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစက်ရုံမှ ထုတ်လုပ်မည့်ဓာတ်အားကို ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေးအတွက် ထူးကြီးမြို့တွင် တည်ဆောက်လျက်ရှိသည့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံကို ၆၆ ကေဗွီ မြန်အောင်–ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

ထိုသို့ ၆၆ ကေဗွီ မြန်အောင် – ဟသ်ာတ အမှတ်(၁) ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ် မေ ၂၃ ရက် (စနေနေ့)နှင့် မေ၂၄ ရက် (တနင်္ဂနွေနေ့) တို့တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ဓာတ်အားလိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်အား ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှတစ်ဆင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အင်္ဂပူမြို့၊ မဲဇလီကုန်းမြို့နှင့် ထူးကြီးမြို့တို့တွင် ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



ကျိုက်ထိုမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို မေ ၂၂ ရက်က ရန်ကုန် – မော်လမြိုင် အဝေးပြေးလမ်း ပြည်သူ့ဈေးရှေ့၌ ပူးပေါင်းဆောင်ရွက်စဉ်။ ပြည့်ဖြိုး(ပြန်/ဆက်)

**ဇီဝမျိုးစုံ ကြွယ်စေဖို့၊**
**သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်လွင်ဦး၊ ဦးမြင့်သိန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်တွေ့ဆုံပွဲသို့တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထုထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း MEVM



မဲပေးစက်များဖြင့် ဆောင်ရွက်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အတွေ့အကြုံ၊ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ ခရိုင်နှင့်မြို့နယ်ကော်မရှင်ရုံးများ၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် နယ်မြေဒေသအခြေအနေအရ အကြောင်းအမျိုးမျိုးကြောင့် မုံရွာမြို့၊ စစ်ကိုင်းမြို့တို့တွင် ရောက်ရှိနေသော ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ၊ ကျန်းမာရေးဌာနများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက် ပြည်သူ့ဆေးရုံရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ခန်း၊ အတွင်းလူနာဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုသမှုအရည်အသွေး ကောင်းမွန်စေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ အပါအဝင် မိုးရာသီကာလ ဖြစ်ပေါ်နိုင်သော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးလက်ကျန်းမာရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်ဆေးရုံ၊ မြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ သားဖွားခန်း၊ ခွတ်မှန်ခန်း၊ ခွတ်ခွဲခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပဆောင်ရွက်နိုင်ရေးနှင့် ကျေးလက်နေအမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ကျင်းပဆောင်ရွက်နိုင်ရေး နှင့် ကျေးလက်နေအမျိုးသမီးများ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက် အကောင်အထည်ဖော်



ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသမီးရေးရာ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌအမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ဇင်၊ အမျိုးသမီးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ကျေးလက်နေ အမျိုးသမီးများ နှင့် အမျိုးသမီးငယ်ရွယ်သူများ အတွက် ပညာသင်ကြားနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ရရှိနိုင်ရေး၊ နည်းမျိုးစုံနှင့် အကြမ်းဖက်မှုများ လျော့နည်းပပျောက်စေရေးတို့ အတွက် ကျေးရွာ ၆၀ ကျော်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသည်မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဖွဲ့စည်းမှု နှစ်(၃၀)ပြည့်အခမ်းအနားဖြစ်သည့်အတွက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား နှင့် အကြိုလှုပ်ရှားမှုများကို ခမ်းခမ်းနားနား ကျင်းပပြုလုပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင် အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် မေ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

## မြစ်သားမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးပေး

**မြစ်သား မေ ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်းနှင့်ပတ်သက်၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်ချောစုလှိုင်က ချေးငွေညွှန်ကြားစာပါ စည်းကမ်းချက်များ ရှင်းလင်းပြောကြားသည်။(ယာပုံ)

ထို့နောက် မြို့နယ်အတွင်းရှိ ယခင်နှစ် ၂၀၂၅ ခုနှစ် မိုးချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသော ကျေးရွာအုပ်စု ခုနစ်အုပ်စု တောင်သူပေါင်း ၂၃၆ ဦး၏ ကေပေါင်း ၉၉၅ ကေအတွက် စပါး တစ်ကေလျှင် ငွေကျပ်သုံးသိန်းနှုန်းနှင့် အခြားသီးနှံ တစ်ကေလျှင် ငွေကျပ်နှစ်သိန်းခွဲနှုန်းဖြင့် ချေးငွေကျပ် သိန်း ၂၈၉၄ ဒသမ ၅၀ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဝါဝါမြင့်(မြစ်သား)

# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းရင်းသားယဉ်ကျေးမှုစင်တာ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မေ ၂၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအောင်ကျော်သိန်း၊ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးချစ်သိန်းတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူး ရုံး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ နှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် ဒွန်တွဲလျက်ရှိသဖြင့် မိမိတို့ ပြည်နယ်၊ ဒေသတည်ငြိမ်အေးချမ်းအောင် တိုင်းရင်းသားများအနေဖြင့် ယခုအစိုးရသစ်နှင့် အတူတကွလက်တွဲပြီး အားသစ်မာန်သစ်ဖြင့် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များက ဒေသဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှု ဆိုင်ရာနှင့် တိုင်းရင်းသားများ၏ နေ့ထူးနေ့မြတ် ပွဲတော်ကျင်းပရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြကြ ရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များ အား ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ မင်းရွာကျေးရွာတွင် မွန်ပြည်နယ် အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် မွန်ပြည်နယ် တိုင်းရင်းသား ယဉ်ကျေးမှုစင်တာ တည်ဆောက် နေမှု၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြတိုက် အတွင်း ခင်းကျင်းပြသထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်Nizhny Novgorod State Technical University သို့ သွားရောက်လေ့လာပြီး မြန်မာပညာတော်သင်ကျောင်းသားများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းက Nizhny Novgorod State Technical University (NNSTU) တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူ များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် NNSTU တို့ အကြား ပူးပေါင်းဆောင်ရွက်နိုင် မည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် တက္ကသိုလ်ရှိ စာသင် ခန်းများနှင့် လက်တွေ့ခန်းများ ကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် Nizhny Novgorod မြို့၌ ပညာတော်သင် ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ANO Gorky Tech သို့ သွားရောက်ပြီး ဒေသ တွင်း အိုင်တီကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေ အနေကို ကြည့်ရှုလေ့လာသည်။

ANO Gorky Tech သည် အစိုးရမဟုတ်သော အကျိုး အမြတ်မယူသည့် အဖွဲ့အစည်း (Autonomous Non–Profit Organization – ANO) ဖြစ်ပြီး ဒေသတွင်းအိုင်တီကုမ္ပဏီများကို အကူအညီပေးရန်၊ နည်းပညာ ကုမ္ပဏီအသစ်များကို မြေတောင် မြှောက်ပေးရန်၊ ဒေသ၏ဒီဂျစ်တယ် ကဏ္ဍတစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ဖွဲ့စည်းထား သည့် အိုင်တီ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနတစ်ခုဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**





## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက် စမ်းသပ်လည်ပတ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒုတိယဝန်ကြီး ဦးသွင်အောင်တို့သည် ယနေ့ မွန်းလွဲ ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ(ရမည်းသင်း)သို့ရောက်ရှိပြီး ကာကွယ် ရေးဝန်ကြီးဌာန ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေး အရာရှိချုပ်ရုံးမှ စမ်းသပ်ထုတ်လုပ်ထားသည့် ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်ဖြင့်ဝါများစမ်း သပ်ကြိတ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး သည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝါကြိတ်စက် စမ်းသပ်လည်ပတ်နေစဉ်အတွင်း တွေ့ရှိ ခဲ့သည့် အားနည်းချက်များကို မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် အဆင့်တစ်ခုအထိ အောင်မြင်မှု များရရှိနေပြီဖြစ်၍ အရည်အသွေးပိုမိုကောင်းမွန်စေ ရေး ဆက်လက်ကြိုးစား ဆောင်ရွက်ရန်၊ စမ်းသပ် ထုတ်လုပ်ထားသည့် ဝါကြိတ်စက်သည် သတ်မှတ် ထားသည့် အရည်အသွေး စွမ်းဆောင်ရည်များရရှိပြီး ပါက MSME လုပ်ငန်းရှင်များသို့ နည်းပညာများ လွှဲပြောင်းပေးသွားမည်ဖြစ်၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း မှာကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း (တတိယအကြိမ်) သင်တန်းဆင်း

**နေပြည်တော် မေ ၂၂**

ပညာရေးဝန်ကြီးဌာနနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မူလတန်း ဆရာ ဆရာမများ အတွက် ရှေးဦးအရွယ်ကလေး သူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ် သင်တန်း (တတိယအကြိမ်) သင်တန်းဆင်းပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး များနှင့်တာဝန်ရှိသူများ၊ သင်တန်း သား သင်တန်းသူများ တက်ရောက် ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ မူလတန်းတက်သည့် ကလေး တိုင်း မူကြိုကဲ့သို့ ကျောင်းပျော် အောင် ECCD နည်းစနစ်များဖြင့် သင်ကြားလေ့ကျင့်ပေးနိုင်စေရန် သင်ခန်းစာအစီအစဉ် ရေးဆွဲခြင်း နှင့်စာသင်ခန်းစီမံခန့်ခွဲမှု၊ ကလေး ဖွံ့ဖြိုးမှုနည်းလမ်းများကို အသုံးချ ပြီး လုပ်ငန်းခွင်အတွင်း မိမိကိုယ် ကို ယုံကြည်မှု၊ တာဝန်ယူမှုနှင့် ကျွမ်းကျင်မှု အရည်အသွေးများ မြင့်မားတိုးတက်လာအောင်ဆောင် ရွက်နိုင်ပါစေကြောင်း မှာကြားပြီး သင်တန်းသား သင်တန်းသူများ



ကိုယ်စား သင်တန်းသား တစ်ဦး ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြား၍ သင်တန်းသား သင်တန်းသူများ၏ ကလေးဖွံ့ဖြိုး မှုဆိုင်ရာ သင်ထောက်ကူ လက်မှု ပစ္စည်းများကို လှည့်လည်ကြည့်ရှု သည်။

အဆိုပါ သင်တန်းကို ပြည် ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက (၁၄) တွင် ဧပြီ ၂၇ ရက်မှ မေ ၂၃ ရက် အထိ ဖွင့်လှစ်လျက်ရှိပြီး ပညာ ရေးဝန်ကြီးဌာနမှ သင်တန်းသား ၆၁ ဦးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သင်တန်းသား ၂၅ ဦး စုစုပေါင်း ၈၆ ဦး တက်ရောက်ခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

### အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၂၂**

ယနေ့ ညနေ ၄ နာရီ ၅၆ မိနစ် ၁၁ စက္ကန့်တွင် ကမ္ဘာအေးမြေ ငလျင်စခန်းမှ အနောက်တောင် ဘက် ၃၄မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဒေးဒရဲ မြို့၏ မြောက်–အရှေ့မြောက် ဘက် ၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၉ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွား ကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အိပ်မက်တွေ ရှင်သန်နေဖို့ ...

ဒေါက်တာ မြတ်မိုး

**ယနေ့ သားသမီးသဖွယ် လူငယ်တွေ၊ ကျောင်းသား ကျောင်းသူတွေ ပညာအခြေခံအုတ်မြစ်တွေကို ဆိုင်ရာဆိုင်ရာ သူ့အတန်း၊ သူ့ပညာအလိုက် ပြန်လည်စိုက်ထူရမယ့်အချိန်ရောက်ရှိလာပါပြီ။ ကျောင်းတွေ ပြန်ဖွင့်ပါတော့မယ်။ ကျောင်းအပ်နှံကြပါတော့မယ်။**

မိဘတွေအတွက်က မိမိတို့ရင်သွေးတွေအတွက် ဖြစ်သင့်တဲ့၊ ဖြစ်ချင်တဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ရပါတော့မယ်။ ကျောင်းသားတွေအတွက်က မိမိတို့တန်ဖိုးကို မြင့်သထက်မြင့်အောင် မြှင့်တင်ရမယ့်အချိန် ရောက်လာပါပြီ။ နိုင်ငံတော်အနေနဲ့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှုပ်နှံရမယ့်အရာအားလုံးမှာ ကြီးမားလှတဲ့ ပညာအရင်းအနှီးကို မြှုပ်နှံနေပြီလည်းဖြစ်တယ်။ အဟောင်းနဲ့အသစ် ဘယ်လိုရှိရှိ အရေးကြီးတာတစ်ခုက မိမိပညာရေးလမ်းကြောင်း မျက်ခြည်မပြတ်ဖို့ပါ။ စဉ်ဆက်မပြတ် သင်ယူနေရမယ်ဆိုတာကို သဘောပေါက်ဖို့နဲ့ ပညာမြင့်မှ ပွဲလယ်တင့်၊ ပညာမြင့်မှ လူမျိုးမြင့်မယ့် အနာဂတ်ဘဝတွေအတွက် ပညာကို အလေးထားဖို့ ဖြစ်ပါတယ်။

**❖ ပညာရေးနှစ် အစတစ်ခုမှာ ကျောင်းသား ကျောင်းသူတွေ၊ မိဘ ဆရာတွေပါ စိတ်သစ်လူသစ် ဖြစ်နေဖို့လိုပါတယ်။ အရာရာ ပညာနဲ့ တန်ဖိုးဖြတ်တတ်တဲ့ လောကကြီးမှာ အဆိုးနည်းပြီး အကောင်းများမယ့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်မလား၊ ကိုယ်တိုင်ပါဝင်ကြရအောင်ပါ။ စာသင်ပျော်ကျောင်းသားတွေနဲ့စည်ကားနေတဲ့ ကျောင်းပရဝဏ်တွေ များပြားလာဖို့ အားလုံးကြိုးစားမှရပါမယ်။ ဆန္ဒလွန်လို့၊ ဒေါသလွန်လို့၊ ပညာနည်းလို့၊ အကြောက်လွန်လို့ လုပ်မိကြတဲ့အထဲ ပါမသွားအောင် ပညာရှိဖို့ လိုပါတယ်။ ပညာတတ်ဖြစ်ဖို့ ပညာရှိဖို့ ပညာသင်ကြရပါမယ်။ ဒီအတွက် ကျောင်းတွေ အပ်နှံကြရမယ်...**

## ပညာမပြည့်ဝခြင်းရဲ့ သက်ရောက်မှုဆိုးကျိုးများ သင်ခန်းစာယူပါ

ကျွန်တော်တို့ အမြဲမှတ်ယူထားတာက ပညာသင်ယူတာဟာ လူတိုင်းအတွက် အခွင့်အရေးတစ်ခုဆိုတာပါ။ ပစ္စုပ္ပန်ဘဝ တင့်တယ်ဖို့နဲ့ အနာဂတ်ဘဝလှပဖို့ ပညာကိုမဖြစ်မနေသင်ယူထားမှဆိုတဲ့အချက်ကို သဘောမပေါက်ရင် အရာရာ ဆုံးရှုံးမှုချည်းသာ ကြုံကြရမယ်။ ဒါကြောင့် ယနေ့လူငယ်တွေဟာ ကြိုတင်ပြင်ဆင်မှုများစွာနဲ့ မိမိတို့ရဲ့ အရည်အသွေးကို အစဉ်ထက်မြက်အောင် ကြိုးစားနေရမယ်လို့ ဆိုပါတယ်။

ထက်မြက်အောင် ဓားကို အမြဲသွေးနေရမယ့်တာဝန်က မိဘ၊ ဆရာ၊ ကျောင်းသား၊ နိုင်ငံတော်အစိုးရ၊ ဆိုင်ရာ လူ့အဖွဲ့အစည်းနဲ့ ပတ်ဝန်းကျင်ရဲ့ ကိုယ်စီတာဝန်လည်း ဖြစ်ပါတယ်။ မိဘ၊ ဆရာဆိုတာက ကျောင်းသားလူငယ်တွေအတွက် ပတ်ဝန်းကျင်ကောင်း တစ်ခုဖြစ်အောင် လမ်းပြပေးနိုင်တဲ့သူတွေဖြစ်ပါတယ်။ တော်ရုံအပြင် ကောင်းအောင်လည်း ညွှန်ပြပေးနိုင်ရမယ်။ ဖတ်သိ၊ မှတ်သိ၊ ကျောင်းစာ သညာသိအပြင် ဘဝရှင်သန်ရပ်တည်မှုအတွက် ဘယ်လမ်းက မှန်တယ်၊ မှားတယ်၊ ဘယ်လမ်းက ကောင်းတယ်၊ ဆိုးတယ် စသဖြင့် လမ်းမှန်၊ လမ်းကောင်း ပညာအသိကို ရွေးချယ်ပြသပေးဖို့ တာဝန်ရှိပါတယ်။ အတုနဲ့အစစ် ခွဲခြားပေးနိုင်စွမ်းရှိဖို့ကလည်း မိဘ၊ ဆရာသမားကိုယ်တိုင်မှာ ပညာရှိရန်နဲ့ အသိတရား မြင့်မားနေဖို့ လိုပါတယ်။

အကြောင်းက ပညာမပြည့်ဝခြင်းရဲ့ ရိုက်ခတ်မှုဒဏ် အဆိုးသံသရာကြီးကို ယနေ့ မိဘ၊ ဆရာတွေကိုယ်တိုင် အစဉ်အဆက် ခံစားနေရလို့ပါပဲ။ ထိုဆင်းရဲ၊ ကြမ်းတမ်း၊ ခက်ထန်မှုဒဏ်ကို အားလုံးက လက်တွေ့ခံစားနေရကြောင်း ငြင်းလို့မရပါဘူး။ ပညာရေးဆိုတာ မိမိတို့ လက်ရှိပစ္စုပ္ပန်ခဏတာလေးအတွက်ပဲ မကြည့်နဲ့၊ အနာဂတ်အထိ အဝေးမျှော်ပြီး ကြည့်ကြပါလို့ ဆိုနေကြခြင်း ဖြစ်ပါတယ်။ ဒါမှသာ အနာဂတ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကို လက်ဆင့်ကမ်းနိုင်မှာ ဖြစ်ပါတယ်။

## ပြီးပြည့်စုံတဲ့ ပညာရေး ရင်းနှီးမြှုပ်နှံမှုဆိုတာ

ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုက အမှန်တကယ် လိုအပ်တဲ့ အကြောင်းတရားဖြစ်ကြောင်း ပြောခဲ့ပါပြီ။ အကြောင်းက တန်ဖိုးထိုက်တဲ့ အသိပညာမှန်သမျှ ကောင်းမွန်တဲ့ အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာဖို့ လိုအပ်တဲ့ လက်နက်သဖွယ်စွမ်းပကားတွေကို ပေးစွမ်းနိုင်လို့ပါပဲ။ အမှောင်ထုကနေ တောက်ပတဲ့ အလင်းစွမ်းအင်ကိုလည်း ရနိုင်စွမ်းပါတယ်၊ Value နဲ့ဆက်စပ်နေတဲ့ Power အဖြစ် ဆက်စပ်ကြည့်နိုင်ပါတယ်။ ဘယ်လို အရင်းအမြစ်မဆို ပြီးပြည့်စုံတဲ့ အရင်းအမြစ်များဖြစ်ဖို့ လိုပါတယ်။ ဒီအထဲမှာ ပေးလိုက်ရတဲ့အချိန်တွေပါမယ်၊ ကုန်ကျမယ့် ငွေကြေးနေအင်အားတွေ ပါလာမယ်၊ မိဘတွေဘက်က စိုက်ထုတ်လိုက်ရတဲ့ ငွေကြေး၊ အစိုးရရဲ့ ပညာရေး ဘတ်ဂျက်စတဲ့ ဒါတွေအားလုံးက ရေရှည်အတွက် မျှော်မှန်းပြီး စိုက်ထုတ်မြှုပ်နှံထားရတဲ့ အရင်းအနှီးတွေပဲ ဖြစ်ပါတယ်။

ပညာရေးအတွက် မိဘတွေ ရင်းနှီးလိုက်ရတဲ့ ငွေအားက မနည်းလှတဲ့အပြင် နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှာလည်း ယခုနှစ်တွေမှာ တိုးမြှင့်သုံးစွဲလာတဲ့ အချက်အလက်တွေကို တွေ့လာရပါတယ်။ ပညာရေးကဏ္ဍတိုးတက်ဖို့ ၂၀၂၆–၂၇ ဘဏ္ဍာနှစ်မှာ ပညာရေးဝန်ကြီးဌာနအတွက် ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားသောဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍအတွက် ၉ ဒသမ ၂၂ ရာခိုင်နှုန်း သုံးစွဲသွားမယ်လို့ သိထားကြပါပြီ။ ပညာရေးရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံအတွက် တန်ဖိုးအရှိဆုံးရင်းနှီးမြှုပ်နှံမှုလို့ ခံယူထားတဲ့ နိုင်ငံတော်အနေနဲ့ ပညာရေးဘက်မှာ တိုးမြှင့်သုံးစွဲလာတဲ့ နိုင်ငံ့ဘဏ္ဍာအခြေအနေကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

လာမယ့်နှစ်တွေမှာလည်း နိုင်ငံတော်ဘဏ္ဍာရဲ့ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထက်မနည်း သုံးစွဲသွားမယ့်အခြေအနေတွေရှိတာကြောင့် နိုင်ငံတော်ဘက်က ရင်းနှီးမြှုပ်နှံမှုဟာ တိုးတက်မှုပြတဲ့ အခြေအနေမှာရှိနေကြောင်း တွေ့ရှိနိုင်ပါတယ်။ အခုလို ရင်းနှီးမြှုပ်နှံမှုရဲ့ သက်ရောက်မှုအနေနဲ့ KG+9 အထိ မသင်မနေရပညာရေးစနစ်ဟာ အောင်မြင်လာမယ်၊ ကျောင်းနေရာခိုင်နှုန်း တိုးတက်မှုရှိလာမယ်၊ အသိအတတ်ပညာရှင်များစွာ ပေါ်ထွက်လာမယ်။ တိုးတက်မှုနဲ့ ဖွံ့ဖြိုးမှု၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းမှုအသီးအပွင့်များ ရရှိလာမယ်။ ပညာရေးကတစ်ဆင့် ကောင်းမွန်တဲ့ သက်ရောက်မှုဆီ တစ်ခုပြီးတစ်ခု ရရှိလာမယ့် Positive Domino Effect များကို မျှော်လင့်မိပါတယ်။

## ပြင်းပြတဲ့ဆန္ဒ စိတ်ဓာတ် ဝီရိယ ပညာလည်း ရှိမှသာ

ကျောင်းသားတွေရဲ့ ပြင်းပြတဲ့ဆန္ဒ၊ ထက်သန်တဲ့ စိတ်ဓာတ်၊ ကာယခွန်အား၊ ပညာတွေကလည်း ပေးဆပ်ထားရတဲ့ အရင်းအမြစ်တွေပါပဲ။ ဘဝမှာ ပညာအတွက် ပေးလိုက်ရတဲ့ အချိန်တွေဟာ မိမိတို့ဘဝအတွက် တန်ဖိုးထိုက်သင့်ပါတယ်။ ပညာရေးအတွက် ကုန်ဆုံးသွားတဲ့အချိန်တွေကို အဓိပ္ပာယ်မဲ့စွာ အလဟဿ အချည်းနှီး မဖြစ်သင့်ပါဘူး။ ပေးလိုက်ရတဲ့ ကာလရှည်ကြီးကို အကျိုးရှိအောင် အသုံးချခြင်းက မိမိဘဝရဲ့ တန်ဖိုးတစ်ခုအလား မှတ်ယူထားသင့်ပါတယ်။ ဘာကြောင့် ပညာကို ဘဝရဲ့ တန်ဖိုးဆိုပြီး တင်စားကြပါသလဲ၊ ပညာဟာ လူလိမ္မာနဲ့သာအတူယှဉ်တွဲနေတတ်လို့ပါ။ ပညာတတ်မှ လူရာဝင်မယ်၊ ပညာရှိမှ အများအကျိုးသယ်ပိုးနိုင်မယ်၊ ပညာရှင်ဖြစ်မှ လူ့အဖွဲ့အစည်းကောင်းကျိုးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာ ဖြစ်လို့ပါပဲ။

ပညာရေးအတွက် ငွေအား၊ လူအားစိုက်ထုတ်မှုအပေါ်မှာ ဝီရိယအား ကူညီပံ့ပိုးမှုမပါဘဲလည်း မဖြစ်နိုင်ပါဘူး။ ဝီရိယအားဆိုတဲ့နေရာမှာ မှန်ကန်တဲ့ ဝီရိယ၊ ပညာပါတဲ့ ဝီရိယမျိုးဖြစ်ဖို့တော့လိုပါတယ်။ ဒီနေရာမှာ ပညာဆိုတဲ့ သဘောတရားကို ကြည့်ရင် စဉ်းစားနိုင်စွမ်း၊ ဆင်ခြင်သုံးသပ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားနိုင်စွမ်း၊ အကြောင်းအကျိုး ဆက်စပ်နိုင်စွမ်းစတဲ့ အရည်အချင်းတွေနဲ့ ခွဲခြားထားလို့ မရပါဘူး။ ဒီလို အရည်အချင်းတွေကသာ အယူအဆမှား အစွန်းတရားတွေကို ပယ်ရှားနိုင်တယ်။

ဘယ်လိုအကျပ်အတည်း ဘယ်လိုပြဿနာရှိရှိ ဖြေရှင်း ကျော်လွှားနိုင်မှာ ဖြစ်လို့ပါပဲ။ သင့်မှာ ဒီအရည်အချင်းတွေရှိနေရင် အနာဂတ်ကို ဖန်တီးနိုင်သူ၊ လွှမ်းမိုးနိုင်သူ ဖြစ်လာနိုင်ပါတယ်။ အစီအစဉ်ရှိရှိ စနစ်တကျနဲ့ ပညာအပေါ်မှာ ပညာထပ်ဆင့်နေရမယ့် သဘောပါပဲ။ ဆိုလိုတာက ပညာတတ်တစ်ယောက်ဖြစ်ချင်ရင် မှန်ကန်တဲ့ ကြိုးစားအားစိုက်ထုတ်မှုဖြစ်မှ အကောင်းဆုံး အမှန်ဆုံးကို ရရှိမယ်ဆိုတဲ့သဘောပါ။

ဒါမှမဟုတ်ရင် လမ်းခုလတ်မှာပဲ ပညာရေးဆုံးခန်းတိုင်ပြီး လမ်းပျောက်တဲ့ဘဝ ရောက်ရှိသွားနိုင်တဲ့ သက်ရောက်မှုကို သတိထားရမယ်။ တချို့ ပညာရေးအတွက် ငွေကြေးနေဥစ္စာများစွာကို ပုံအောလိုက်ရတယ်၊ ဒါပေမယ့် အောင်မြင်သင့်သလောက် မအောင်မြင်၊ ရည်မှန်းချက်မရောက်၊ ကျဆုံးသွားရတဲ့ သဘောတွေ ရှိဖူးပါတယ်။ ဝီရိယနဲ့ ပညာကို ဟန်ချက်ညီအောင် မလုပ်နိုင်တဲ့ အကြောင်းတရားတွေကြောင့်ပါပဲ။ ဒါကြောင့် ပြင်းပြတဲ့အားစိုက်မှုမပါရင် ဘာပဲလုပ်လုပ် အကျိုးမရှိနိုင်ပါ၊ လုပ်သမျှလည်း အရာမထင်နိုင်ပါ။ သိထားသမျှကို လက်တွေ့နဲ့ ထင်ဟပ်ပြီး လိုက်နာနိုင်မှသာ အကောင်းဆုံးဖြစ်မယ်ဆိုတဲ့ အဖြေကို ရရှိသွားနိုင်မှာ ဖြစ်ပါတယ်။

**◆ ဖွံ့ဖြိုးမှုကို လိုချင်ရင် ကိုယ်တိုင်က ပညာပြည့်ဝနေမှ ဖြစ်ပါမယ်။ ဒါကြောင့် သားတွေ သမီးတွေနဲ့ ကျောင်းသား ကျောင်းသူအားလုံး ပညာကိုသာ မရပ်မနား ကြိုးစားသင်ယူကြပါ။ ပညာရေးအတွက် အားလုံးမှာ တာဝန်ရှိတယ်ဆိုပေမယ့် အရေးအကြီးဆုံး တာဝန်ရှိသူက မိမိကိုယ်တိုင်သာဖြစ်ကြောင်း မှတ်ယူပါ။ များများဖတ်လေ များများသိလေ၊ များများ လေ့လာလေ ခရီးဝေးဝေးရောက်လေပါ။ အမှောင်ထဲမှာ ပိတ်မနေကြဘဲ ကောင်းတဲ့ အခွင့်အလမ်း မှန်သမျှ အမိအရ ဆုပ်ကိုင်နိုင်ကြဖို့သာ...**

## အရှုံးထဲက အမြတ်ထုတ်ယူနိုင်မယ့် ခေါင်းဆောင်များသဖွယ်

အရင်က ကျွန်တော်တို့ သားသမီးတွေ လျှောက်ခဲ့တဲ့ ပညာရေးခရီးလမ်းက မဖြောင့်ဖြူးခဲ့ပါဘူး။ ကြီးမားတဲ့ စိန်ခေါ်မှုတွေ ရှိခဲ့တယ်။ ဖိစီးမှုတွေ များခဲ့တယ်။ ခက်ခဲကြမ်းတမ်းမှုတွေနဲ့ ရိုက်ခတ်မှုတွေရှိခဲ့တာ မှန်ပါတယ်။ အခုအချိန်မှာတော့ အရင်ထက်စာရင် တည်ငြိမ်အေးချမ်းမှုနဲ့အတူ ပတ်ဝန်းကျင်ကောင်းတွေ အထိုက်အလျောက် ရှိလာခဲ့ပါပြီ။ မိမိတို့ မှီခိုအားထားရမယ့် မဏ္ဍိုင်အသစ်တွေနဲ့အတူ လမ်းကြောင်းမှန်မှာ ရောက်ရှိနေပါပြီ။ အဆိုး၊ အကောင်း ဘယ်လိုအခြေအနေတွေ ရှိလာပါစေ၊ လူနဲ့ပတ်ဝန်းကျင် အညမညသဘောမှာ လူသားဖြစ်တဲ့ မိမိကိုယ်တိုင်ကသာ ပိုအရေးကြီးပါတယ်။ မိဘကိုယ်တိုင်၊ ဆရာကိုယ်တိုင်၊ ကျောင်းသားကိုယ်တိုင်က မိမိတို့ မွေးထုတ်လိုက်မယ့် မျိုးဆက်သစ်တွေအတွက် အမွေအနှစ်ကောင်းတွေ ချန်ထားနိုင်ဖို့ လိုအပ်နေပါလား၊ အရှုံးထဲကအမြတ်၊ အားနည်းချက်ကနေ အားသာချက်အဖြစ် ပြောင်းလဲနိုင်မယ့် မိမိကိုယ်တိုင်က အရှင်သခင်သဖွယ် ခေါင်းဆောင်သဖွယ် သဘောထားနေဖို့ လိုပါတယ်။

ပညာရေးအတွက်ဆိုရင် မိဘတွေအနေနဲ့ ခက်ခဲတဲ့ဆုံးဖြတ်ချက်တွေ ချနေရတယ်လို့ သဘောမထားဘဲ ငွေအားထက် ပြင်းပြတဲ့ ဆန္ဒအား၊ စိတ်အင်အားနဲ့ ပညာအားကို အရင်းတည်ကြည့်ပါ။ မိမိဦးတည်ချက်ဟာ ပိုပြီးတိတိကျကျ ဖြစ်သွားနိုင်တယ်၊ စနစ်တကျလည်း ဖြစ်သွားနိုင်ပါတယ်။ ဆရာ ဆရာမတွေဘက်ကလည်း သင်ကြားပေးရမယ့် တာဝန်အပေါ်မှာ စေတနာ၊ ဝါသနာ၊ အနစ်နာနဲ့ သဒ္ဓါတရားပါ ပေါင်းစပ်လိုက်ရင် ပညာရေးဟာ နည်းမှန်လမ်းမှန်နဲ့ ပိုပြီး ပြည့်စုံသွားနိုင်ပါတယ်။

အချုပ်အားဖြင့်တော့ ပညာရေးနှစ် အစတစ်ခုမှာ ကျောင်းသား ကျောင်းသူတွေ၊ မိဘ ဆရာတွေပါ စိတ်သစ်လူသစ် ဖြစ်နေဖို့လိုပါတယ်။ အရာရာ ပညာနဲ့ တန်ဖိုးဖြတ်တတ်တဲ့ လောကကြီးမှာ အဆိုးနည်းပြီး အကောင်းများမယ့် လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာနိုင်မလား၊ ကိုယ်တိုင်ပါဝင်ကြရအောင်ပါ။ စာသင်ပျော်ကျောင်းသားတွေနဲ့ စည်ကားနေတဲ့ ကျောင်းပရဝဏ်တွေ များပြားလာဖို့ အားလုံး ကြိုးစားမှရပါမယ်။ ဆန္ဒလွန်လို့၊ ဒေါသလွန်လို့၊ ပညာနည်းလို့၊ အကြောက်လွန်လို့ လုပ်မိကြတဲ့အထဲ ပါမသွားအောင် ပညာရှိဖို့ လိုပါတယ်။ ပညာတတ်ဖြစ်ဖို့ ပညာရှိဖို့ ပညာသင်ကြရပါမယ်။ ဒီအတွက် ကျောင်းတွေ အပ်နှံကြရမယ်။

မိဘတွေအနေနဲ့မိမိတို့သားသမီးများကို စာရိတ္တကောင်းသူ၊ စည်းကမ်းကောင်းသူ၊ မိဘ ဆရာ ရိုသေတတ်သူ၊ လူအချင်းချင်းလေးစားနိုင်သူ တန်ဖိုးရှိသူများ ဖြစ်စေချင်ပါသလား၊ စာသင်ကျောင်းဆီသာ ပို့ပေးပါ။ ကျွန်တော်တို့အားလုံး စာသင်ခန်းတွေဆီ အရောက်လှမ်းကြရပါမယ်။ ငြိမ်းချမ်းတဲ့ ဝန်းကျင်မှာ နေချင်ရင် ငြိမ်းချမ်းအောင်လုပ်နိုင်မယ့် အရည်အချင်းမျိုးကို ပညာကပဲ ပေးပါတယ်။ တိုးတက်တဲ့ ဝန်းကျင်တစ်ခု တည်ဆောက်ချင်ရင် ကိုယ်တိုင်က တိုးတက်နေမှ ရပါမယ်။

ဖွံ့ဖြိုးမှုကို လိုချင်ရင် ကိုယ်တိုင်က ပညာပြည့်ဝနေမှ ဖြစ်ပါမယ်။ ဒါကြောင့် သားတွေ သမီးတွေနဲ့ ကျောင်းသား ကျောင်းသူအားလုံး ပညာကိုသာ မရပ်မနား ကြိုးစားသင်ယူကြပါ။ ပညာရေးအတွက် အားလုံးမှာ တာဝန်ရှိတယ်ဆိုပေမယ့် အရေးအကြီးဆုံး တာဝန်ရှိသူက မိမိကိုယ်တိုင်သာ ဖြစ်ကြောင်း မှတ်ယူပါ။ များများဖတ်လေ များများသိလေ၊ များများလေ့လာလေ ခရီးဝေးဝေးရောက်လေပါ။ အမှောင်ထဲမှာ ပိတ်မနေကြဘဲ ကောင်းတဲ့ အခွင့်အလမ်း မှန်သမျှ အမိအရ ဆုပ်ကိုင်နိုင်ကြဖို့သာ အားပေးတိုက်တွန်းလိုက်ပါတယ်။ ။

# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်း စခန်းပေါင်းစုံသင်တန်းဆင်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၂**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အားလပ်ရက်များကို အကျိုးရှိစွာ အသုံးချနိုင်စေရန်၊ အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်များဖြင့် ဧပြီ ၂၇ ရက်တွင် သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့သည့် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)စခန်းပေါင်းစုံသင်တန်းဆင်းပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ပုဗ္ဗသီရိ အားကစားခန်းမ၌ ပြုလုပ်ရာ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာကာကွယ်ရေးဦးစီးချုပ်(ရေ)ကသင်တန်းဆင်းမိန့်ခွန်းပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက သင်တန်းတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသော သင်တန်းသား သင်တန်းသူများနှင့် အကောင်းဆုံးသင်တန်းစခန်းဆု ရရှိသည့် သင်တန်းစခန်းတို့အား ဂုဏ်ပြုဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ လိုက်ပါ၍နေပြည်တော်ရှိမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆) ကို သင်တန်းစခန်း ၁၃ ခုတွင် သင်တန်းသား သင်တန်းသူ ၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း တပ်မတော်(ရေ)သမိုင်းဘာသာရပ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းဘာသာရပ်၊ အခြေခံစစ်ရေးပြနှင့် အခြေခံရေတပ်သားဘာသာရပ်၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ ဂျီပီအက်စ်အပါအဝင် ရေကြောင်းသွားလာရေးဆိုင်ရာများ၊ အခြေခံရေတပ်သား အချက်ပြဆက်သွယ်ရေး၊ အခြေခံရေကူးနှင့် လှေလှော်ရွက်တိုက်နည်းတို့ကို သင်ကြားပို့ချပေးခဲ့သည်။

ထို့ပြင် သင်တန်းကာလအတွင်း ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ)နှင့် ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)တို့ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လက်တွေ့စီးနင်းလိုက်ပါခြင်း၊ ရေယာဉ်ဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို လက်တွေ့လေ့လာခြင်း၊ ရေကြောင်းလူငယ်စခန်းပေါင်းစုံ တွေ့ဆုံပွဲနှင့် စခန်းပေါင်းစုံပြိုင်ပွဲများ ပြုလုပ်ခြင်း၊ ရန်ကုန်မြို့တွင်း ရွှေတိဂုံစေတီတော်ဖူးမြော်ခြင်း၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာနှင့် အာကာသပြတိုက်လေ့လာခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)က ကြီးမှူးပြီး ၂၀၂၆ ခုနှစ် ဧပြီ ၂၇ ရက်မှ စတင်ဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉) သင်တန်းစခန်းအားလုံး၏ စုပေါင်းသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အုပ်ချုပ်သူ/နည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။



ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော သင်တန်းစခန်းများနှင့် သင်တန်းသားများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ခင်းကျင်းပြသထားသော ပြခန်း၊ ပြကွက်များအား လှည့်လည်ကြည့်ရှုပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို သင်တန်းစခန်း ၁၈ ခု တွင် သင်တန်းသားအင်အား ၉၂၈ ဦးဖြင့်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်မဲ့) ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေကြောင်းလူငယ်သမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရား ဘာသာရပ်နှင့် RC Simulator မောင်းနှင်ခြင်း ဘာသာရပ်များ သင်ကြားပို့ချခဲ့ကြောင်း၊ တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)အား သင်တန်းစခန်း နှစ်ခုတွင် သင်တန်းသားအင်အား ၁၁၆ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလအတွင်း အခြေခံစစ်ရေးပြ(လက်နက်ပါ) ဘာသာရပ်၊ လေကြောင်းဆိုင်ရာ အထွေထွေဗဟုသုတ ဘာသာရပ်၊ Airfield Procedure ဘာသာရပ်နှင့် Flight Simulator မောင်းနှင်ခြင်း ဘာသာရပ်များကို ပို့ချပေးခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် သင်တန်းသားများအား လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ဇာတိသွေး ဇာတိမာန်ဘာသာရပ်၊ စစ်သားဂုဏ်ရည်ဘာသာရပ်၊ တပ်မတော်သမိုင်းနှင့် တပ်မတော် အစဉ်အလာ ဘာသာရပ်များကိုလည်း သင်ကြားပေးခဲ့ကြောင်းနှင့် လေယာဉ်/ ရဟတ်ယာဉ်များ၏ ပျံသန်းမှုအခြေခံသဘောတရားများကို သိရှိနားလည်စေရန်အတွက် RC လေယာဉ်/ရဟတ်ယာဉ် လက်တွေ့မောင်းနှင်ခြင်းများအား သက်ဆိုင်ရာ သင်တန်းစခန်းများအလိုက် လေ့ကျင့်သင်ကြားခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေတွင် စုဖွဲ့ပြီး အခြေခံစစ်ရေးပြပြိုင်ပွဲ၊ RC Simulator/ Flight Simulator မောင်းနှင်ခြင်းပြိုင်ပွဲ၊ RC လေယာဉ်/ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများ ကျင်းပခြင်းနှင့် ထူးချွန်ဆုရ သင်တန်းသားများအား နည်းပြ လေသူရဲများနှင့်အတူ တပ်မတော်(လေ)ရှိ အမောင်းသင် လေယာဉ်/ရဟတ်ယာဉ်များဖြင့် ကိုယ်တိုင်လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် သင်တန်းသားများအား ဒေသန္တရဗဟုသုတများ ရရှိစေရန်အတွက် နေပြည်တော်ကောင်စီနယ်မြေရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ သူရဲကောင်းဗိမာန်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်တို့သို့လည်းကောင်း၊ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ အာကာသပြတိုက်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့သို့ လည်းကောင်း လေ့လာရေးပို့ဆောင်ခြင်းနှင့် စစ်ရေယာဉ်လိုက်ပါစီးနင်းခြင်းများလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကျင်းပ

**လှိုင်ကော် မေ ၂၂**

ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လှိုင်ကော်မြို့ ပြည်နယ် အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



ယင်းနောက် ပထမပွဲစဉ်အဖြစ် လောခမ္မရပ်ကွက် (ခ) အသင်းနှင့် Team Generation အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လောခမ္မရပ်ကွက် (ခ)အသင်းက ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် (၃၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သနပ်ပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**သနပ်ပင် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ယမန်နေ့နံနက်ပိုင်းက အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ် အခွန်ကောက်ခံမှုအထောက်အကူပြု အဖွဲ့ဝင်များနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် အခွန်ဦးစီးဌာနမှူးက အခွန်များအကြောင်းနှင့် အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကာ တက်ရောက်လာသော အခွန်ထမ်းပြည်သူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ဝဏ္ဏ(ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားတောင် အဆင်းလမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် ၂၀၂၆ ခုနှစ် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးမည့်နေရာ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ကြီး မေ ၂၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားတောင်အဆင်းလမ်း (ဘုရားလမ်းဆုံမှ ပညာဗောဓိဘုန်းကြီးကျောင်းလမ်းဆုံအထိ) ACလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ရွှေဘုန်းပွင့် ဘုရားတောင်အတက်လမ်းရှိ မြစိမ်းတောင်ဘုရားအနီး လမ်းအကွေ့တက် မတ်စောက်သည့်နေရာကို ပြန်လည်ဖြေညှိဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ကြီးမြို့ တောင်ကြီး – ဟိုပုံး သွားကားလမ်း၊ ဟိုပုံး ViewPoint အနီး စိမ်းလန်းစိုပြည်ရေး ငါးကေစိုက်ခင်း၊ တောင်ကြီးမြို့ စိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၆ ဒသမ ၆ ဧကစိုက်ခင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ တောင်ကြီးမြို့နယ် နောင်ထလီကျေးရွာအုပ်စု ထီဖောင်းကျေးရွာအနီးရှိ ၂၀၂၆ခုနှစ်မိုးရာသီကာလတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က သစ်ပင်စိုက်ပျိုးပွဲတော် ဆောင်ရွက်ရန် လျာထားသည့်မြေနေရာ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၅) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် မေ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၅) ရဲသီဟတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင်သည် ဒုတိယ ရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်း တပ်ခွဲများအား စစ်ဆေးပြီး အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း အိအိဖြူ၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မင်းခန့်လွင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အိအိဖြူ၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း အိန္ဒြေသူ၊ အင်္ဂလိပ်စာ ဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ထက်ထက်မျိုးအောင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင်က သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ် မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၅) ရဲသီဟတပ်ခွဲတွင် တပ်ဖွဲ့တွင်းမှ ဘွဲ့ရ အမျိုးသား ၂၄၉ ဦး၊ အမျိုးသမီး ၁၁၄ ဦး စုစုပေါင်း ၃၆၃ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး



**ထန်းတပင်( ပဲခူး) မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆိပ်ကြီးရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက် ပေးထားသော အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်များအား ယမန်နေ့က အဆိုပါရုံး၌ကတ်ပြားပေးအပ်ခြင်းနှင့် UID ကောက်ယူမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)တွင် တာဝန်ထမ်းဆောင်ပြီးသူများအား ဂုဏ်ပြုကြိုဆို

**ပန်းတောင်း မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂)တွင် တာဝန်ထမ်းဆောင်ပြီးသူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရပ်မိရပ်ဖများနှင့် မိဘပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ထို့နောက် ပန်းတောင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က ဂုဏ်ပြုအမှာစကားများပြောကြားကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ သီးနှံမျိုးစေ့များနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့များ ပေးအပ်

**အထက်မင်းလှ မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သီးနှံမျိုးစေ့များပေးအပ်ခြင်းနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ်လုပ်ငန်းအတွက် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်များက မျိုးစေ့ထုပ်ထောက်ပံ့ပစ္စည်းများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက ပန်းတိုင်သီးနှံမျိုးစုံမျိုးစေ့များအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ဝင်းမြတ်(အထက်မင်းလှ)**




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

လာမည့်စနေ၊ တနင်္ဂနွေ အားလပ်ရက်များတွင် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ နေပြည်တော်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာပေးဟောပြော

**စစ်တွေ မေ ၂၂**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စစ်တွေမြို့နယ် မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့် (Main Course) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်ရှိ သာသနာ့ဗိမာန်တော်၌ ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိကြသော သင်တန်းသား သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများကို ဂုဏ်ပြုချီးမြှင့်ငွေ၊ အောင်လက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး ဟုမ္မလင်းခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လေရှီးမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဇဟိုဌာနကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဟုမ္မလင်းမြို့ နောင်ဖွတ်မော် စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက် အသင်းသား ဦးလင်းထိုက်စိုး၏ ဒေသဝက်နှင့် ကြက်များ မွေးမြူထားရှိမှုကိုကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၂**

၂၃-၅-၂၀၂၆ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈)၊ အမှတ် (၂၁)




တွင် အခြားသူများက ဝိုင်းဝန်းကဲ့ရဲ့ကြသော်လည်း မိမိလုပ်ကိုင်ရမည့်အလုပ်ကို ဖွဲ၊ လုံ့လ၊ ဝီရိယထားကာ အဆက်မပြတ် လုပ်ကိုင်ခဲ့သော ယုန်လေးဖြူဖွေးအကြောင်းကို သရုပ်ဖော်ထားသည့် "ယုန်ကလေးဖြူဖွေး" မျက်နှာဖုံးကာတွန်း၊ ယဉ်နှင့် ယာဉ်တို့၏ အသုံးပြုမှုကွဲပြားပုံကို သိရှိနိုင်စေရန် ဗဟုသုတရဖွယ် ဥပမာဝါကျများနှင့် ရေးသားထားသည့် "ယဉ်နှင့် ယာဉ်" သုတဆောင်းပါးကဏ္ဍ၊ တောအရပ်တွင် နေထိုင်သည့် မိသားစုများ၏ နေထိုင်စားသောက်ပုံအကြောင်းကို ဗဟုသုတရဖွယ် သရုပ်ဖော်ထားသည့် "လယ်ဟင်းလျာ" နှစ်မျက်နှာကာတွန်း၊ ဝက်ညီနောင်သုံးကောင်၏ စည်းလုံးညီညွတ်မှုကြောင့် မြေခွေး၏အန္တရာယ်မှ လွတ်မြောက်ခဲ့ရပုံကို ရေးသားထားသည့် "စည်းလုံးခြင်းသည် အင်အား" ပုံပြင်ကဏ္ဍ၊ ဦးလေးဖြစ်သူ၏ စာဖတ်ရန် လမ်းညွှန်တိုက်တွန်းမှုကြောင့် စာစီစာကုံးများကို အခက်အခဲမရှိရေးသားနိုင်ခဲ့သည့် နွယ်မာအကြောင်းကို ရေးသားထားသည့် "ဘဝရည်မှန်းချက်" ဝတ္ထုကဏ္ဍ၊ အန္တရာယ်ကျရောက်ပါက မိမိကိုယ်မိမိ ကာကွယ်နိုင်ရန် သဘာဝကပေးထားသောအရာကို အခြားသတ္တဝါများအပေါ် အနိုင်ကျင့်ရာတွင် အသုံးပြုခဲ့သောကြောင့် ဒုက္ခရောက်ခဲ့ရသည့် ရှဉ့်နက်များအကြောင်းကို သရုပ်ဖော်ထားသော "သူ့အလှည့် ကိုယ့်အလှည့်" နှစ်မျက်နှာကာတွန်း၊ ချင့်ချိန်စဉ်းစားတတ်ပြီး လိမ္မာပါးနပ်မှုရှိသောကြောင့် ကျား၏ အစာအဖြစ်မှ လွတ်မြောက်ခဲ့ရသော တောခွေးအကြောင်းကို သရုပ်ဖော်ထားသည့် "ပါးနပ်သော တောခွေး" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များ အပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို လေ့လာမှတ်သားနိုင်မည့် "အခြေခံလိုအပ် သည့် အီဒီယမ်" အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံ လင်လင်ဖြင့် ထွက်ရှိပြီ ဖြစ်ရာ တစ်စောင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## တနင်္သာရီမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်

**တနင်္သာရီ မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ စပါးမျိုးစေ့ချကိရိယာ စိုက်ပျိုးနည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဖိလစ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးဇော်ဇော်က တက်ရောက်လာကြသော အကျိုးဆောင်တောင်သူများကို စပါးမျိုးစေ့ချကိရိယာစိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ပညာပေးသင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းအပြီးတွင် အကျိုးဆောင်တောင်သူများ လက်တွေ့အသုံးပြုနိုင်ရေးအတွက် စပါးမျိုးစေ့ချကိရိယာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။ **တနင်္သာရီ(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မြန်အောင်၌ တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**မြန်အောင် မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆန်နီချောင်စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မေ ၂၀ ရက်က တောင်သူအသိပညာပေး ဆွေးနွေးပွဲကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြန်အောင်မြို့နယ်



စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် မျိုးစေ့ထုတ် နည်းပညာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စံပြကျေးရွာ စီမံကိန်း Smart Village အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ဦးနေဇော်ထက်နှင့်ဒေသခံတောင်သူများက သိရှိလိုသည်များ ဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# သီးနှံများတွင် ဓာတ်မြေသြဇာ အသုံးပြုမှု အစားထိုးနည်းပညာများ (အပိုင်း-၅)

မောင်ပြေ(ဆင်ပေါင်ဝဲ)

တောင်သူဦးကြီးများ၏ သီးနှံစိုက်ပျိုးရေးအတွက် ဓာတ်မြေသြဇာ အစားထိုးသုံးစွဲမှု နည်းပညာများ စွာရှိသည့်အနက် နည်းပညာအသစ်တစ်ခုအနေဖြင့် တိရစ္ဆာန်အစာ စားကျက်ပဲ မျိုးရင်းဝင်အပင်များ (Pasture Legumes) စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူဦးကြီးများ၏ လယ်ယာလုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်အသုံးပြုကာ ဓာတ်မြေသြဇာလည်း လျှော့ပေါ့သုံးစွဲနိုင်၊ မွေးမြူရေးလုပ်ငန်းမှ တစ်ဆင့် တောင်သူကြီးများ ဝင်ငွေပိုမိုရရှိနိုင်ခြင်း အကြောင်းကို ဆက်လက်ရေးသားဆွေးနွေးလိုပါသည်။ စားကျက်စိုက်ပျိုးရေးပညာကို အချို့က မြက်ခင်းပြင်စိုက်ပျိုးရေးဟူ၍လည်း ခေါ်ဆိုကြပါသည်။ ဤစနစ်တွင် မြက်နှင့်ပဲမျိုးနွယ်ပင်ကို မွေးမြူထားသော တိရစ္ဆာန်များအတွက် ကျွဲစာ၊ နွားစာ ရရှိစေရန် စိုက်ပျိုးပြုစုပေးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် စာမြုံ့ပြန်တိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့အတွက် လိုအပ်သော အစာအာဟာရဓာတ်၊ ပရိုတိန်းအကြမ်းများရရှိနိုင်ရန် မြက်၊ ကောက်ရိုးခြောက်ချည်းပဲ ကျွေးမနေဘဲ မြက်အစို၊ ပြောင်းဖူးရိုး၊ နှံစားပြောင်းရိုးများအပြင် ပဲရိုး၊ ပဲမှော် (မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲတို့ ဆွတ်ပြီးပါက) များ ရောနှောကျွေးခြင်း၊ လွတ်ကျောင်းမြေများတွင် အာဟာရဓာတ်တန်ဖိုး မြင့်မားသော ပဲမျိုးနွယ်ပင်များ ရောနှောစိုက်ပျိုးပေးခြင်း၊ ပြုလုပ်ပေးခြင်းဖြင့် တိရစ္ဆာန်များမှရရှိသော အသား၊ နွားနို့ စသည်တို့တွင် စားသုံးသူကလေး၊ လူကြီးများအတွက် လိုအပ်သောအမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ် စသည်တို့ကြွယ်ဝစွာ ရရှိနိုင်ပါသည်။

စားကျက်စိုက်ပျိုးပေးခြင်းဖြင့် အာဟာရပြည့်ဝသော တိရစ္ဆာန်စာအတွက်သာမဟုတ်ဘဲ ဥပမာ- တောင်စောင်းများ၊ အပူပိုင်းဒေသ မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင် လေပြင်းတိုက်ခတ်မှုကြောင့် မြေဆီလွှာတိုက်စားခြင်းကို ကာကွယ်ရန် မြက်ပင်စိုက်ပျိုးခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ မြက်ပင်များရှိနေခြင်းဖြင့် မြက်ခင်းများ၏အမြစ်များက မြေဆီလွှာအတွင်း ကုပ်တွယ်ထားခြင်းဖြင့် မြေဆီသြဇာဆုံးရှုံးမှုမှ ကာကွယ်တားဆီးနိုင်ပါသည်။ ဥပမာ- မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့၌ လေကာပင် ပဲစင်းငုံ၊ မြေနိမ့်ချယ်ရီပဲပင်များ စိုက်ပျိုးပေးခြင်း ပြုလုပ်ပေးနိုင်ပါသည်။ မြက်ခင်းများအတွင်း ပဲမျိုးနွယ်အပင်များ တွဲဖက်ရှိနေခြင်းဖြင့် မြေဆီလွှာအာဟာရဓာတ် တန်ဖိုးတက်လာပါက အကယ်၍သီးနှံများ ပြောင်းလဲစိုက်ပျိုးမည်၊ နှစ်အလိုက် အလှည့်ကျစိုက်ပျိုးခြင်း ပြုလုပ်မည် ဆိုလျှင် မြေဆီလွှာအာဟာရဓာတ် ခြောက်ခန်းမှု နည်းပါးစေနိုင်ပါသည်။ သိပ္ပံနည်းကျဆိုလျှင် ပဲမျိုးနွယ်ဝင်အပင်များ မျိုးရင်းသည် သူ၏အမြစ်တွင်ရှိသော နိုဒြူးမြစ်ဖုထဲရှိ အကျိုးပြု ဗက်တီးရီးယားမှ လေထဲတွင်ရှိသော နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းယူပေးသဖြင့် အပင်အတွက်လိုအပ်သော နိုက်ထရိုဂျင်ဓာတ်ကိုလည်း အလိုအလျောက် တိုးတက်ရရှိနိုင်ပါသည်။

မြက်နှင့်ပဲကို စနစ်တကျတွဲဖက်စိုက်ပျိုးခြင်းဖြင့် မလိုလားအပ်သောပေါင်းပင်များ ပေါက်ရောက်မှုလည်း နည်းပါးသွားနိုင်ပါသည်။ ဥပမာ- မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရော်ဘာ၊ ဆီအုန်းစိုက်ခင်းများသည် တစ်ပင်နှင့် တစ်ပင် အကြား ၁၀ ပေ၊ ၁၅ ပေ၊ ပေ ၂၀ စသဖြင့် အကွာအဝေးထား စိုက်ပျိုးရမည်ဖြစ်ရာ အပင်ငယ်စဉ်(သို့မဟုတ်) အပင်ကြီးမှ ကြားသီးနှံအဖြစ် စားကျက်မြက်၊ ပဲများ ရောနှောစိုက်ပျိုးကာ တိရစ္ဆာန်မွေးမြူရေးနှင့် တွဲဖက်လုပ်ဆောင်နိုင်ပါသည်။ ပေါင်းပင်ပေါက်ရောက်မှုလည်း နည်းပါးသွားနိုင်ပါသည်။

> **“မြက်နှင့်ပဲကို စနစ်တကျတွဲဖက်စိုက်ပျိုးခြင်းဖြင့် မလိုလားအပ်သော ပေါင်းပင်များ ပေါက်ရောက်မှုလည်း နည်းပါးသွားနိုင်ပါသည်။ ဥပမာ-မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရော်ဘာ၊ ဆီအုန်းစိုက်ခင်းများသည် တစ်ပင်နှင့်တစ်ပင်အကြား ၁၀ ပေ၊ ၁၅ ပေ၊ ပေ ၂၀ စသဖြင့် အကွာအဝေးထား စိုက်ပျိုးရမည်ဖြစ်ရာ အပင်ငယ်စဉ်(သို့မဟုတ်) အပင်ကြီးမှ ကြားသီးနှံအဖြစ် စားကျက်မြက်၊ ပဲများရောနှောစိုက်ပျိုးကာ တိရစ္ဆာန်မွေးမြူရေးနှင့် တွဲဖက်လုပ်ဆောင်နိုင်ပါသည်။ ပေါင်းပင်ပေါက်ရောက်မှုလည်း နည်းပါးသွားနိုင်”**

ရိုက်ဇိုဘီယမ် ဗက်တီးရီးယားမှာ စိုက်ပျိုးပဲပင်များ (ဥပမာ-ပဲလွန်း၊ ပဲစင်းငုံ၊ မတ်ပဲ)တွင် ရှင်သန်နိုင်သောမျိုးနှင့် စားကျက်ပဲပင်များတွင် ရှင်သန်နိုင်သောမျိုး (ဥပမာ-အယ်ဖာဖာ၊ စတိုင်လို) ဟူ၍လည်း ကွဲပြားသလို အယ်ကာလီအခြေပြု ဖြည်းညင်းစွာ ဖွံ့ဖြိုးသော ဗက်တီးရီးယားနှင့် အက်စစ်အခြေပြု လျင်မြန်စွာဖွံ့ဖြိုးသော ဗက်တီးရီးယား ဟူ၍လည်း ရှိနိုင်ပါသည်။

**မြန်မာနိုင်ငံနှင့် သင့်တော်သော အပူပိုင်း စားကျက်မြက်နှင့် စားကျက်ပဲမျိုးများ**

**မြက်မျိုး**

Chloris gauane – ကလိုရစ်မြက်မျိုး
Cynodon dactylon – ဆင်နိုဒွန်မြက်မျိုး
Digitaria ciliaris – ဒီဂျစ်တေးရီးယားမြက်မျိုး
Panicum maximum – (Mombasa) မွန်ဘာစာမြက်မျိုး

**ပဲမျိုး**

Macroptilium atropurpureum – (Siratro) ဆီရာထရိုပဲမျိုး
Centrosema molle – (Centro) ဆင်ထရို ပဲမျိုး
Stylosanthes humilis – (Stylo) စတိုင်လိုပဲမျိုး

သမပိုင်းမြက်နှင့် သမပိုင်းပဲမျိုး ဥပမာ- (အယ်ဖာဖာ (ခေါ်) လူဆန်မှာ အအေးပိုင်း ကချင်၊ ရှမ်း၊ ချင်းပြည်နယ် စသည်တို့တွင် စမ်းသပ်စိုက်ပျိုးရန် သင့်တော်ပါသည်။

စိုက်ပျိုးရေးဌာနမှ စားကျက်ပဲနှင့် မြက်များ၏ ပန်းပွင့်မှု၊ မျိုးစေ့ထုတ်လုပ်မှု၊ စိုက်ချိန်၊ ရေပေးသွင်းမှု၊ မြေဆီသြဇာထည့်သွင်းမှုအမျိုးမျိုးကို ပြုလုပ်ပြီး မွေးမြူရေးဌာနမှ တိရစ္ဆာန်များအား ကျွေးမွေးမှု၊ အာဟာရဓာတ်တန်ဖိုး၊ ပရိုတင်းရရှိမှု၊ တိရစ္ဆာန်များနို့ထွက်ကောင်းမှု၊ အရည်အသွေးကောင်းအသားတိုးမှု သုတေသနများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးပူးတွဲလုပ်ဆောင်ပါက ဤကဏ္ဍမှ အသား၊ နွားနို့၊ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည့်အပြင် မြေဆီသြဇာသန်စွမ်းလာပြီး ဓာတ်မြေသြဇာအသုံးပြုမှု လျှော့ချနိုင်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**စားကျက်သီးနှံများ စိုက်ပျိုးသင့်သော အကြောင်းရင်းများ**

**(က) မွေးမြူရေးအတွက် အဓိကအစာဖြစ်သည်။** စားကျက်သီးနှံ ဥပမာ – မြက်၊ ပဲတို့သည် စားမြုံ့ပြန်တိရစ္ဆာန်များအတွက် အဓိကအစာဖြစ်သည်။ သက်တမ်းရှည်၊ အာဟာရပြည့်ဝသောအစာဖြစ်ပြီး နွားနို့ထွက်နှုန်း၊ အသားအရည်အသွေး၊ အသားတိုးနှုန်းတို့ကို တိုးတက်စေသည်။

**(ခ) မြေဆီလွှာထိန်းသိမ်းမှုနှင့် သဘာဝ ပတ်ဝန်းကျင်ကောင်းမွန်မှု။** စားကျက်သီးနှံသည် မြေဆီလွှာပျက်စီးမှုကိုလျှော့ချပြီး မြေဆီလွှာ အာဟာရဓာတ်အရည်အသွေးကို တိုးတက်စေသည်။ မြေဆီလွှာ တိုက်စားမှု၊ ရေစီးဆင်းမှုတို့ကို ထိန်းချုပ်နိုင်ပြီး သဘာဝအပင်များမှ ကာဗွန်သိုလှောင်ခြင်း ပြုလုပ်နိုင်သည်။

**(ဂ) စီးပွားရေးအကျိုးအမြတ်။** စားကျက်သီးနှံသည် အခြားအစားအစာများထက် ဈေးသက်သာပြီး စိုက်ပျိုးကုန်ကျစရိတ်နည်းသည်။ အမေရိကန်တွင်သာမက ကမ္ဘာတစ်ဝန်း စားကျက်သီးနှံများ ထုတ်လုပ်မှုသည် စိုက်ပျိုးမြေ၏ ၅၀ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းပြီး အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံခန့်အထိ စီးပွားရေးတန်ဖိုးရှိနေပါသည်။

**(ဃ) အခြားသီးနှံများနှင့် ပေါင်းစပ်စိုက်ပျိုးနိုင်မှု။** စားကျက်သီးနှံကို သီးနှံအလှည့်ကျ စိုက်နည်းစနစ်တွင် အသုံးပြုနိုင်ပါသည်။ ဥပမာ – ပဲပင်များသည် မြေထဲသို့ နိုက်ထရိုဂျင်ဓာတ်ဖြည့်စွက်ပေးနိုင်ပြီး အခြားသီးနှံများအတွက် အထောက်အကူဖြစ်စေသည်။

**(င) အစားအသောက်လုံခြုံရေးအတွက် အခြေခံ။** စားကျက်သီးနှံသည် နို့၊ အသား၊ မွေးမြူထုတ်ကုန်များ၏ အရင်းအမြစ်ဖြစ်ပါသည်။ လူဦးရေတိုးလာမှုနှင့်အမျှ အစားအသောက်၊ ပရိုတင်းဓာတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။ စားကျက်သီးနှံများ စိုက်ပျိုးပြုစုရာတွင် အောက်ပါအချက်များကို ပထမဦးစွာ သိရှိထားရပါမည်။

**(က) သဘာဝစားကျက်သီးနှံစိုက်ခင်း။** လမ်းဘေး၊ စိုက်ခင်းဘေး၊ အဆောက်အအုံများဘေး၊ အနီးအနားတွင် သဘာဝအတိုင်းရှိနေသည့် မြက်နှင့်အပင်များဖြစ်သည်။ ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် တိရစ္ဆာန်များ လွတ်လပ်စွာနေထိုင်နိုင်သော်လည်း အာဟာရဓာတ်နည်းပါးခြင်း၊ ထုတ်လုပ်မှုနည်းခြင်းကြောင့် တိရစ္ဆာန်၏ကြီးထွားနှုန်း နှေးကွေးနိုင်ပါသည်။

**(ခ) စိုက်ပျိုးထားသော စားကျက်သီးနှံစိုက်ခင်း။** တောင်သူလယ်သမားတို့မှ မြက်ပင်များ၊ စားကျက်ပဲသီးနှံများကို ရွေးချယ်စိုက်ပျိုးထားသော အခြေအနေဖြစ်သည်။ အသားဓာတ်ရှိ၊ အာဟာရမြင့်သည့် မြက်ပင်မျိုးများစွာ ထုတ်လုပ်နိုင်ပါသည်။ အထွက်နှုန်းမြင့်၍ တိရစ္ဆာန်မွေးမြူရေးတွင် အကျိုးအတွက် ပိုမိုဖြစ်သည်။ ဒေသအလိုက် မိုးရွာသွန်းမှု၊ မြေအမျိုးအစား၊ ရာသီဥတုအခြေအနေအရ စိုက်ပျိုးမှုကို စီမံဆောင်ရွက်နိုင်သည်။

ကမ္ဘာ့နိုင်ငံအလိုက် နေရာဒေသအပေါ်မူတည်၍ စားကျက်သီးနှံ –မြက်၊ ပဲများကို အပူပိုင်းနှင့် သမပိုင်းသီးနှံများအဖြစ် အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည် –

**(ဂ) အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသစိုက်ပျိုးသော မြက်၊ ပဲ**

**(ဂ-၁) အပူပိုင်းဒေသစိုက်မြက်/ပဲမျိုးများ။** အဓိပ္ပာယ် – အပူပိုင်းဒေသ (မြောက်လတ္တီတွဒ် ၂၃.၅°N နှင့် တောင် ၂၃.၅°S အကြား) တွင် အပူချိန်မြင့်မားပြီး ရာသီအပြောင်းအလဲများကြားတွင် တွေ့နိုင်သည့် မြက်မျိုးများ၊ ပဲမျိုးများဖြစ်ပါသည်။ ရာသီဥတု – အပူချိန် ≥ ၂၀°C၊ နေထွက်ချိန်များ၊ မိုးရာသီကွဲပြားမှုကြီးမား။ ဥပမာ(မြက်) –နေပီယာမြက်၊ ဂီနီမြက်၊ ဘူဖယ်မြက်။ ဥပမာ (ပဲ) – စတိုင်လိုဆင်ထရို၊ ဘောစကိုင်း။

**(ဂ-၂)အပူလျော့ပိုင်း မြက်/ပဲမျိုးများ။** အဓိပ္ပာယ် – အပူပိုင်းနှင့် အပူလျော့ပိုင်းအကြား (၂၃.၅° – ၃၅° တောင်၊မြောက်လတ္တီကျူ)အကြားတွင် တွေ့နိုင်သည့် မြက်/ပဲအမျိုးအစားများ ဖြစ်ပါသည်။ ရာသီဥတု– နွေရာသီအပူချိန်၂၀–၃၀°C ဆောင်းတွင် အေးသော်လည်း အနည်းငယ် ရေခဲနိုင်သည်။ ဥပမာ (မြက်) – ဘာမူဒါမြက်၊ ရှဒ်မြက်။ ဥပမာ(ပဲ) – လျှူဆန်း/အယ်ဖာဖာပဲ၊ စီရာထရိုပဲ၊ ဒက်စမိုဒီယမ်ပဲ။

**(ဃ) သမပိုင်းဒေသစိုက်ပျိုးသော မြက်/ပဲ**

**(ဃ-၁) သမပိုင်း မြက်/ပဲမျိုးများ။** အဓိပ္ပာယ် – လတ္တီကျူ ၃၅° ထက် အထက်ရှိ အအေးပိုင်းဒေသများတွင် တွေ့ကြရသည့်အမျိုးအစားများ။ ရာသီဥတု–အေးမြသောရာသီဥတု (၁၀–၂၅°C)၊ ဆောင်းတွင် ရေခဲ/နှင်းကျရောက်ခြင်းများ၊ အအေးဆုံးလအတွင်းဖြစ်နိုင်ပါသည်။

ဥပမာ (မြက်) – ရိုင်းမြက်၊ အော်ချပ်မြက်၊ တီမိုသီမြက်။ဥပမာ(ပဲ)– ကလိုဘာအဖြူပဲ၊ ကလိုဘာအနီပဲ၊ ငှက်ခြေထောက်ပုံပဲစသည်ဖြင့် ထပ်မံခွဲခြားနိုင်ပါသည်။

တစ်ဖန် စားကျက်သီးနှံအမျိုးမျိုးကို

**(င) မွေးမြူထားသော တိရစ္ဆာန်များအတွက် စိုက်ပျိုးသော မြက်နှင့်အပင်များ။** စားကျက်ပင်ဆိုသည်မှာ တိရစ္ဆာန်များစားရန်အတွက် သီးသန့်စိုက်ပျိုးထားသည့် အပင်များဖြစ်ပါသည်။ ထိုအပင်များကို တိရစ္ဆာန်များ တိုက်ရိုက်လွှတ်ကျောင်းပြီး စားသုံးနိုင်သလို ခုတ်ဖြတ်၊ သယ်ယူပြီး စားခိုင်းခြင်း၊ အခြောက်သိုလှောင်ခြင်း၊ အစိုအချဉ်ဖောက်သိုလှောင်ခြင်း စသည့်ပုံစံအမျိုးမျိုးနှင့် အသုံးပြုနိုင်ပါသည်။ ဥပမာများ – နေပီယာမြက်၊ လူဆန် (သို့) အယ်ဖာဖာ၊ ကလိုဘာ။

**(စ) ဖြတ်ယူ၍ တိရစ္ဆာန်အစာစိမ်းအဖြစ် အသုံးပြုသော စိုက်ပျိုးပင်များ။** တိရစ္ဆာန်စားသုံးနိုင်သော အပင်များမှာ တိရစ္ဆာန်အစာအဖြစ် ဖြတ်ယူပြီး စားခိုင်းရန်အတွက် စိုက်ပျိုးသော အပင်များဖြစ်ပါသည်။ အများအားဖြင့် အသီး၊ အဖူးများကို စားခြင်းမဟုတ်ဘဲ ဖြတ်ယူပြီး စားခိုင်းကြတတ်ပါသည်။ အသုံးပြုပုံ – သက်သောင့်သက်သာဖြစ်အောင် အပင်စိမ်းဖြတ်ယူပြီး စားခိုင်းခြင်း၊ မြက်ခြောက် သို့မဟုတ် မြက်ချဉ်ဖတ်ပုံစံဖြင့် အသုံးပြုခြင်း၊ ဥပမာများ – ပြောင်းဖူး၊ နှံစားပြောင်း၊ ပဲလွန်း၊ အုတ် (Oat)၊ ဆူဒန်မြက်(Sudan grass)။

**စာရေးသူ၏အတွေး**

မြေဆီသြဇာထက်သန်စေပြီး ဓာတ်မြေသြဇာသုံးစွဲမှုကို လျှော့ချပေးနိုင်သော ဤနည်းလမ်းသည် မြန်မာနိုင်ငံ တောင်သူဦးကြီးအားလုံးအတွက် ကုန်ကျစရိတ်သက်သာစေပြီး မိမိမြေဆီလွှာလည်း ထက်သန်၊ မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ် စသည့် တိရစ္ဆာန်များအတွက် အစာအာဟာရရရှိစေနိုင်သော အစီအစဉ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ သက်ဆိုင်ရာစိုက်ပျိုးမွေးမြူရေးဌာနများက စားကျက်ပဲ၊ မြက်မျိုးစေ့များ အလွယ်တကူရရှိနိုင်ရေးနှင့် နည်းပညာဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးခြင်းအားဖြင့် တောင်သူကြီးများကို အကူအညီပေးနိုင်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မေ ၂၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်တို့က သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် မေ ၂၂**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ရှိသန်လျင်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းတို့အား ကွပ်ကဲမှုဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၁၉ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ်ရှိ နယ်မြေခံ



တပ်ခန်းမ၌ပြုလုပ်ရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့် (အငြိမ်းစား)၊ နေပြည်တော် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့နာယက နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့အဖွဲ့ဝင်များ၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် နေပြည်တော်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီးပြောကြားပြီး တက်ရောက်လာသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က နေပြည်တော်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲ ပြုလုပ်

**နေပြည်တော် မေ ၂၂**

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သား မိသားစုဝင်ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာအသုံးချတတ်ပြီး လူငယ်များ ခေတ်မီနည်းပညာများ နားလည်တတ်ကျွမ်းစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းထူးချွန်ဆုရရှိသူများအား သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ ကွန်ပျူတာအခြေခံသင်တန်းကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် သင်တန်းသားသင်တန်းသူ ၃၂ ဦးဖြင့် မေ ၄ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**အမရပူရ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မေ ၁၄ ရက်က ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ် ထုတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်ဝေမာက ချေးငွေသစ်များ ပြန်လည်ထုတ်ချေးပေးခြင်းကိစ္စရပ်များနှင့် စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုခြောက်အုပ်စု တောင်သူ ၆၁ ဦး၊ မိုးစပါးစိုက်ဧက ၃၀၆ ဧကအတွက် ချေးငွေ ၉၁၈ ဒသမ ၀၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**စိုးသီဟ(အမရ)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**မုံရွာ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၅) မူးယစ်တပ်ဖွဲ့ခွဲ(မုံရွာ) နှင့် တိုင်းဒေသကြီးပညာရေးဦးစီးဌာန



တို့ ပူးပေါင်းပြီး (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများအလိုက် ဝင်ရောက် ယှဉ်ပြိုင်နေသော ကျောင်းသား ကျောင်းသူများအား လိုက်လံကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

အဆိုပါပြိုင်ပွဲများတွင် မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**



## ဒက္ခိဏသီရိမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအတွက် ပဏာမမျက်စိစမ်းသပ်စစ်ဆေးခြင်းသင်တန်း ဖွင့်လှစ်

**ဒက္ခိဏသီရိ မေ ၂၂**

ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများအတွက် ပဏာမမျက်စိစမ်းသပ်စစ်ဆေးခြင်းသင်တန်းကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး ကျောင်းနေအရွယ်ကလေးများ၏ အမြင်အာရုံချို့ယွင်းချက် ရှိ မရှိ စစ်ဆေးပေးခြင်းဖြစ်သည့်အတွက် ကလေးများ၏ ပညာရေးတိုးတက်မှု၊ လူမှုရေးနှင့် ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုပေးနိုင်ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မိုးနဲမြို့နယ်၌ အလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်

**မိုးနဲ မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ အလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



အဆိုပါသင်တန်းကို နည်းပြသုံးဦးက သင်တန်းသား ၁၇ ဦးအား မေ ၂၆ ရက်အထိ ငါးရက်ကြာ စက်မှု၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**

## လင်းခေးမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံခြင်းကွင်းဆင်းဆောင်ရွက်



**လင်းခေး မေ ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက လင်းခေးမြို့ ပင်ဟုန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။ **(ဝဲပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းစိုးမင်းနှင့်ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ကျွဲ၊ နွားများကို ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်မွေးမြူရာတွင် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ ကူးစက်ရောဂါများ မကျရောက်စေရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

## လယ်ဝေးမြို့နယ်၌ ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဖွင့်လှစ်

**လယ်ဝေး မေ ၂၂**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်ကာ ပဏာမမျက်စိကျန်းမာရေးစောင့်ရှောက်ခြင်း မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်က လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ကျန်းမာရေးဝန်ထမ်း ၁၃၉ ဦး၊ ပညာရေးဝန်ထမ်း၂၈၃ ဦး တက်ရောက်၍ လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒာကျော်နှင့် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက သင်ကြားပို့ချပြီး မျက်စိစမ်းသပ်သည့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့၌ ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်၌ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ သက်နိုင်ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူ ကျင်ရှောင်ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၂**

မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့၌ ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့၌ ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်၌ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁) ၃၈ လမ်းနှင့် ၃၉ လမ်းကြား အောင်သပြေလမ်းနေ သက်နိုင် (၃၆) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၀ ဒသမ ၄၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၆၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းချရာတွင် ပူးပေါင်းပါဝင်သူ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ နေတက် (၂၆) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဘိန်းဆီခဲ ၆ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၆၂ ဒသမ ၅ သိန်း)၊ ဘိန်းစိမ်း နှစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၉ သိန်းနှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် ၁၈ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် သက်နိုင်နှင့် နေတက် (ဖမ်းဆီးရန်ကျန်) တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် သတင်းအရ လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက် နယ်မြေ (၁၃)နေ ကျင်ရှောင်(၂၇)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၃ သိန်း)၊ ဘိန်းစိမ်း တစ်ကီလို (တစ်ကီလိုလျှင်ငွေကျပ် ခုနစ်သိန်း နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ခုနစ်သိန်း) နှင့် ဘိန်းဖြူ ၂၆၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၂ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ကျင်ရှောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မေ ၂၀ ရက်ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု ပွဲစားကုန်းလယ်ပြင်ကျေးရွာ အဝင်လမ်းပေါ်တွင် လမ်းလျှောက်လာသူ ညောင်ရွှေမြို့နယ် နွားမေကျေးရွာနေ ဇော်လွင်ဦး(ခ) အယ်ဇော်(၄၄)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၅၀) ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

နှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန် အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၇၈၀၀ ခန့်အကွာ လွယ်စတုံကျေးရွာအုပ်စု ပန်စလီကျေးရွာရှိ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၃ ဦးအား အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ ၃၂ လုံး၊ စားပွဲ အလုံး ၂၀၊ ထိုင်ခုံ ၃၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၏အနောက်မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာသို့ အရောက်၌ နှစ်ထပ်တိုက်အဆောက်အအုံ တစ်လုံးအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ လေးလုံး၊ Monitor ၁၄ လုံး၊ CPU အလုံး ၂၀ နှင့် ဖုန်းမျိုးစုံ ၄၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများနှင့် လက်ကိုင်ဖုန်းများကို တွေ့ရစဉ်။


အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်စလီကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။




ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

---

❂ *ကျောဖုံးမှ*

ခွဲ၍ ကျင်းပရာ ဌာနဆိုင်ရာများမှ တာဝန်ရှိများနှင့် အားကစားဝါသနာရှင် ပရိသတ် ၄၀၀၀ ကျော်ခန့် တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှ စတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ချင်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ် အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

## ဘရာဇီးနိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု အမြင့်ဆုံးပမာဏအဖြစ် စံချိန်တင်

**ရီယိုဒီဂျနေးယိုး မေ ၂၂**

ကမ္ဘာ့အကြီးဆုံး ကော်ဖီထုတ်လုပ်သူနှင့် တင်ပို့သူဖြစ်သည့် ဘရာဇီးနိုင်ငံသည် ရာသီဥတုကောင်းမွန်ခြင်းနှင့် စိုက်ပျိုးဧရိယာတိုးချဲ့ခြင်းတို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစံချိန်တင်ရန် ခန့်မှန်းထားကြောင်း နိုင်ငံပိုင်အမျိုးသားထောက်ပံ့ရေးကုမ္ပဏီ(CONAB) က မေ ၂၁ ရက်တွင် ပြောကြားသည်။



လက်ရှိ ရာသီစက်ဝန်းတွင် ဘရာဇီးနိုင်ငံ၏ကော်ဖီထုတ်လုပ်မှုသည် ၆၀ ကီလိုဂရမ်အိတ် ၆၆ ဒသမ ၇ သန်း ရရှိနိုင်ကာ ယခင် ကော်ဖီရိတ်သိမ်းသည့်ကာလကထက် ၁၈ ရာခိုင်နှုန်း တိုးလာပြီး အမြင့်ဆုံးပမာဏအဖြစ် စံချိန်တင်ကြောင်း သိရသည်။

ကမ္ဘာ့ထိပ်တန်း ကော်ဖီပေးသွင်းသူအဖြစ် တည်ရှိနေဆဲဖြစ်သည့် ဘရာဇီးနိုင်ငံသည် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်စွမ်းအားများ ပြန်လည်ကောင်းမွန်လာပြီး နိုင်ငံတကာဈေးကွက်အတွင်း ဘရာဇီးနိုင်ငံ၏ ခိုင်မာသည့် အနေအထားကြောင့် ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုများ အောင်မြင်လာခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂါဇာကမ်းမြောင်ဒေသ၌ ကြွက်များနှင့် ကပ်ပါးပိုးများကြောင့် ဖြစ်ပွားသော အရေပြားရောဂါကူးစက်ဖြစ်ပွားမှု ၁၂၅၀၀၀ ကျော်ရှိ


**ဂါဇာ မေ ၂၂**

၂၀၂၄ ခုနှစ် ပထမငါးလအတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ကြွက်များနှင့် ကပ်ပါးပိုးများကြောင့် ဖြစ်ပွားသောအရေပြားရောဂါ ကူးစက်ဖြစ်ပွားမှု ၁၂၅၀၀၀ ကျော်ရှိသည်ဟု အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂအကူအညီပေးရေးနှင့် အလုပ်အကိုင်အေဂျင်စီ (UNRWA)၏ ယမန်နေ့သတင်းဖော်ပြချက်အရ သိရသည်။

အရေပြားကူးစက်ရောဂါသည် ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသော နောက်ထပ် အကျပ်အတည်းတစ်ခုဖြစ်ကြောင်း၊ ကြွက်များနှင့် ကပ်ပါးပိုးများ အလွန်များပြားလာခြင်းကြောင့် အရေပြားကူးစက်ရောဂါ ပျံ့နှံ့ဖြစ်ပွားလျက်ရှိကြောင်း UNRWA က ၎င်း၏ လူမှုမီဒီယာ X အကောင့်တွင် ဖော်ပြခဲ့သည်။

UNRWA က ၎င်း၏ ဆေးအဖွဲ့သည် နေ့စဉ် အရေပြားကူးစက်ရောဂါဖြစ်ပွားသူ ၄၀၀ ကျော်ကို ကုသပေးလျက်ရှိကြောင်း၊ သို့သော်လည်းဆေးကုသမှုတွင် ဆေးဝါးပြတ်လပ်မှုများကြောင့် ကန့်သတ်ချက်များရှိနေကြောင်း ပြောကြားခဲ့သည်။

အပူလှိုန်ကဲမှုများနှင့် ရွှေ့ပြောင်းစခန်းများ၌ လူနေထိုင်မှု အဆင့်အတန်းနိမ့်ကျမှုများကြောင့် ဂါဇာကမ်းမြောင်ဒေသခံများ အထူးသဖြင့် ကလေးငယ်များတွင် အရေပြားကူးစက်ရောဂါများ လျင်မြန်စွာ ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။ ဆေးဝါးပြတ်လပ်မှုများနှင့် လိုအပ်သော ဆေးဝါးကုသမှုမပေးနိုင်သောကြောင့် ဖြစ်ပေါ်နေသော အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိသည်ဟု ဆရာဝန်များက ပြောသည်။ ယင်းဒေသအတွင်း ပြန့်ကျဲနေသည့် နေရပ်စွန့်ခွာသူများ၏ ယာယီတဲများက လူသားဆန်မှုမရှိသည့် အခြေအနေတစ်ခုကို




ဖြစ်ပေါ်စေပြီး ကြွက်များ၊ ပိုးမွှားများ ပျံ့နှံ့စေသကဲ့သို့ ရေညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေခဲ့သည်ဟု ပါလက်စတိုင်းလခြမ်းနီအသင်း ကျန်းမာရေးအစီအစဉ် ညွှန်ကြားရေးမှူး ဘတ်ရှာမူရတ်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## ဆူဒန်နိုင်ငံ၌ ရောဂါဖြစ်ပွားမှုများကို ထိန်းချုပ်ရန် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ ရုန်းကန်နေရ

**ဂျီနီဗာ မေ ၂၂**

ဆူဒန်နိုင်ငံ၌ အကူအညီပေးရေးအဖွဲ့များသည် လုံခြုံရေးဆိုင်ရာ ပြဿနာများနှင့် အကူအညီ ဝင်ရောက်ခွင့်အတွက် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရချိန် သွေးလွန်တုပ်ကွေး၊ မျောက်ကျောက်နှင့် ကာလဝမ်းရောဂါ အပါအဝင် အခြားသောရောဂါများကိုထိန်းချုပ်ရန် ရုန်းကန်နေရသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက မေ ၂၁ ရက်တွင် ပြောသည်။

အနောက်ကော်ဒိုဖန်ပြည်နယ် နူဟွဒ်ဒေသတွင် ကာလဝမ်းရောဂါနှင့် ဆက်စပ်သည့် ပြင်းထန်ဝမ်းပျက်ရောဂါ သံသယဖြစ်ဖွယ် ကူးစက်ပျံ့နှံ့မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ၎င်း၏မိတ်ဖက်အဖွဲ့အစည်းများက တုံ့ပြန်ဆောင်ရွက်နေသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ယခု သီတင်းပတ်အတွင်း သံသယဖြစ်ဖွယ် လူနာ ၁၀၀ နှင့် သေဆုံးသူများရှိကြောင်း အစီရင်ခံတင်ပြထားသည်။ ဒါဖာဒေသတွင် သံသယဖြစ်ဖွယ် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် ကျန်းမာရေးအာဏာပိုင်များနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

အလယ်ပိုင်းနှင့် တောင်ပိုင်းဒါဖာပြည်နယ်တို့တွင် မျောက်ကျောက်ရောဂါဟု သံသယရှိသူပေါင်း ၃၀၀ ကျော်ရှိပြီး ယခုသီတင်းပတ်အတွင်း သေဆုံးသူ ငါးဦးရှိသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။ ဆူဒန်နိုင်ငံရှိ အကူအညီပေးရေး အဖွဲ့အစည်းများသည် ယခုနှစ် ပထမ လေးလအတွင်း လူပေါင်း ၁ ဒသမ ၆ သန်းကို ကူညီပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



## အီဂျစ်နိုင်ငံက ၁၅ နှစ်တာ ကာလအတွင်း အကြီးဆုံး ရေနံသိုက်တစ်ခု ရှာဖွေတွေ့ရှိ

**ကိုင်ရို မေ ၂၂**

အီဂျစ်နိုင်ငံအနောက်ဘက် သဲကန္တာရဒေသ၌ သဘာဝဓာတ်ငွေ့နှင့် ရေနံသိုက်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရေနံနှင့် သတ္တုသယံဇာတဝန်ကြီးဌာနက ယမန်နေ့က ကြေညာခဲ့သည်။ ပထမအဆင့် ခန့်မှန်းချက်အရ သဘာဝဓာတ်ငွေ့ ၃၃၀ ဘီလီယံကုဗပေနှင့်အတူ ရေနံစိမ်းစုစုပေါင်း စည် ၁၀ သန်းခန့် ရှိနိုင်ကြောင်း ဖော်ပြထားသည်။

### ၁၅ နှစ်အတွင်း အကြီးဆုံး

အဆိုပါဒေသတွင် ၁၅ နှစ်တာကာလအတွင်း အကြီးဆုံး ရှာဖွေတွေ့ရှိမှုဖြစ်ပြီး စုစုပေါင်း သယံဇာတပမာဏသည် ရေနံစည် သန်း ၇၀ ခန့်ရှိကြောင်း ဝန်ကြီးဌာနက ၎င်း၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

### အလားအလာကောင်း

ယင်းအောင်မြင်မှုကို South Bostan-1 ဟုခေါ်သည့် စမ်းသပ်တူးဖော်ရေးတွင်းမှ ရရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါတွင်း၌ စုစုပေါင်း အထူပေ ၄၀၀ ရှိသည့် သဘာဝဓာတ်ငွေ့၊ ရေနံထွက်ရှိနိုင်သည့် အလွှာများကို တွေ့ရှိခဲ့သောကြောင့် ထုတ်လုပ်နိုင်စွမ်းနှင့် စီးပွားရေးအရ အလားအလာကောင်းကြောင်း အတည်ပြုနိုင်ခဲ့သည်ဟု ဝန်ကြီးဌာနက ပြောသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်ကာလအတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းခဲ့ပြီးနောက် အီဂျစ်အစိုးရသည် ရေနံနှင့် ဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်နိုင်ငံ၌ ရုတ်တရက်ရေကြီးမှုကြောင့် ၁၀ ဦးသေဆုံး

**ကဘူးလ် မေ ၂၂**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘဂလန်ပြည်နယ်၌ ရုတ်တရက်ရေကြီးနစ်မြုပ်မှုကြောင့် အမျိုးသမီးနှင့် ကလေးများ အပါအဝင် ၁၀ ဦးထက်မနည်းသေဆုံးကြောင်း ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က မေ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ် ၁၀၀ ကျော် ပျက်စီးသွားပြီး စိုက်ပျိုးမြေဧက ထောင်နှင့်ချီကာ ရေကြီးနစ်မြုပ်သွားခဲ့ကြောင်း ပြည်နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ အကြီးအကဲဖြစ်သူ ဟီဒါဟာတူလာဟမ်ဒက်က ပြောကြားသည်။

အလားတူ မေ ၂၀ ရက် ညပိုင်းကလည်း ကန်ဒါဟာပြည်နယ်တောင်ပိုင်း၌ ပြင်းထန်သည့် လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် သုံးဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

လွန်ခဲ့သည့်ရက်များအတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ မိုးခြိမ်းခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများကြောင့် လက်ဘနွန်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော် ဆုံးရှုံး

**ဘေရွတ် မေ ၂၂**

လက်ဘနွန်နိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသည့် တိုက်ပွဲများကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ဖော်ပြထားသည်။ ပဋိပက္ခများ၏ သက်ရောက်မှုကြောင့် နိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍတွင် မကြုံစဖူးနက်ရှိုင်းသည့် နောက်ဆက်တွဲအကျိုးဆက်များ ရှိလာမည်ဟု စိုက်ပျိုးရေးဝန်ကြီး နီဇာဟာနီက သတိပေးခဲ့သည်။

ပဋိပက္ခကြောင့် ထောင်နှင့်ချီသည့် လယ်သမားများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရပြီး မွေးမြူရေးလုပ်ငန်းတွင် ကြီးမားသည့်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် အချို့သောဒေသများတွင် စိုက်ပျိုးရေးအခြေခံအဆောက်အအုံများလည်း ပျက်စီးသွားခဲ့ရသည်။

တိုက်ပွဲများကြောင့် တိုက်ရိုက်ထိခိုက်ခဲ့ရသည့် စိုက်ပျိုးဧရိယာပေါင်း ဟက်တာ ၅၆၀၀၀ ကျော်ရှိပြီး ၎င်းတို့မှာ လက်ဘနွန်နိုင်ငံ၏ စိုက်ပျိုးမြေဧရိယာ၏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

လူပေါင်း ၁ ဒသမ ၂၄ သန်း ဝန်းကျင်မှာ အစားအစာ မလုံလောက်မှုပြဿနာနှင့်ရင်ဆိုင်ရဖွယ်ရှိသည်ဟု ၎င်းက သတိပေးခဲ့သည်။ **ဆင်ဟွာ**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၂)ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာလောင်ကျွမ်းမှုဖြစ်ပွား



နေပြည်တော် မေ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၂) ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအမှတ်(၁)သည် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီ ၄၂ မိနစ်တွင် ဓာတ်အားပြတ်တောက်ခဲ့ပြီး လျှပ်စစ်စမ်းသပ်ရေးဆိုင်ရာ စမ်းသပ်ချက်များအရ ထရန်စဖော်မာလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖော်ပြပါ ထရန်စဖော်မာလောင်ကျွမ်းမှုကို သိလျှင်သိချင်း အဆိုပါ ထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးထားသည့် အစိုးရဌာနရုံးများနှင့် အများပြည်သူဆိုင်ရာနေရာ အချို့အား ၎င်းဓာတ်အားခွဲရုံရှိ ကျန်ထရန်စဖော်မာအမှတ်(၂)ဖြင့် ဝန်အားမျှ၍ လျှပ်စစ်ဓာတ်အား ယာယီပြန်လည်ဖြန့်ဖြူးပေးခဲ့သည်။

လောင်ကျွမ်းခဲ့သည့် ထရန်စဖော်မာအမှတ်(၁)ကို ၂၀၀၃ ခုနှစ်ကတည်းကထုတ်လုပ်သုံးစွဲခဲ့ပြီး အလေးချိန် ၂၁ တန်ရှိသည်။ အဆိုပါ ထရန်စဖော်မာအား ၁၀ အမ်ဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် အစားထိုးလဲလှယ်နိုင်ရေးအတွက် ၇၀ တန် ကရိန်းယာဉ်နှင့် ယန္တရားများ အသုံးပြု၍ မေ ၂၁ ရက် ညနေ ၄ နာရီ မိနစ် ၂၀ မှစတင်၍ စီစဉ်ဆောင်ရွက်ခဲ့ရာ(**အပေါ်ပုံ**) မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် ရွှေ့ပြောင်းခြင်း၊ တပ်ဆင်ခြင်းနှင့် စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ယနေ့ည ဓာတ်အားသုံးစွဲမှု လျော့ကျသွားသောအချိန်မှစ၍ ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်



နေပြည်တော် မေ ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းကို မေ ၁၈ ရက် နံနက်ပိုင်းက ဇီးကုန်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ပျားမွေးမြူရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ဒေသခံ သင်တန်းသားသင်တန်းသူ ၂၀ တက်ရောက်သင်ကြားသည်။ မြို့နယ်(ပြန်/ဆက်)

# ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်



သထုံ မေ ၂၂

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)သင်တန်းကို ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယပြည်နယ်မှူး ဦးရဲလွင်သိန်းက အမှာစကားပြောကြားကာ သင်တန်းဖွင့်လှစ်ပေးပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)ဆိုင်ရာ သိကောင်းစရာနည်းပညာတို့ကို ဆွေးနွေးပို့ချပေးကြသည်။

အဆိုပါသင်တန်းကို မေ ၂၂ ရက်မှစတင်ကာ သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူ ၂၅ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့်ရရှိသော ငွေကြေးအကျိုးအမြတ်အား ပူးပေါင်းခေါင်းပုံဖြတ်ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၂

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့် ရရှိသော ငွေကြေးအကျိုးအမြတ်အား ပူးပေါင်းခေါင်းပုံဖြတ်ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ အမျိုးသမီး တစ်ဦးနှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ အမျိုးသမီး တစ်ဦးတို့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ မလုတောင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈) ရပ်ကွက်နေ မကရင်မ(ခ) မဝင်းဆန်းနှင့် လိပ်စာတူ မခင်သီတာ (ယခုတရုတ်နိုင်ငံ နေထိုင်သူ)တို့ သုံးဦးက တရုတ်ဇနီးမယားအဖြစ် တစ်နှစ်ပေါင်းသင်းနေထိုင်ပါက မြန်မာကျပ်ငွေသိန်း ၁၅၀ ရရှိမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး ရန်ကုန်မှ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်ဖြင့် ပို့ဆောင်ကာ တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်ရန် နိုင်ငံကူးလက်မှတ် ပြုလုပ်ပေးခြင်းနှင့် ကြိုတင်ငွေထုတ်ပေးခြင်းများအပြင် တရုတ်အမျိုးသားများထံမှ အမျိုးသမီးများခေါ်ယူပေးမှုအတွက် ယွမ် ၂၀၀၀၀မှ ၁၅၀၀၀၀ အထိ ရယူဆောင်ရွက်ခဲ့ကြကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း(ပ)၁၅၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မေ ၁၉ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မကရင်မ(ခ)မဝင်းဆန်းနှင့် မလုတောင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မခင်သီတာကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သာစည်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

သာစည် မေ ၂၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက်က ကျင်းပရာ သင်တန်းသား ၂၀ တက်ရောက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြက သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မြောင်းမြမြို့၌ မီးသတ်သင်တန်းသားများဖြင့် မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းကို မေ ၂၂ ရက်က ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကိုကိုနှင့်မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူတို့ ကြည့်ရှုအားပေးစဉ်။ ဧယျာ(ပြန်/ဆက်)



ဝန်းသိုမြို့၌ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့ ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၂ ရက်က ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မျိုးသူနှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။ မြို့နယ်(ပြန် /ဆက်)

# ကျောက်ဆည်၌ လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိ

**မန္တလေး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်သည် ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၌ လူထုဖြန့်ပျိုးပင် ၂၀၀၀၀၊ အထူးပျိုးပင် ၆၄၀၀၀၊ မြို့နယ်အစီအစဉ်ဖြင့် ပျိုးထောင်ထားသော ပျိုးပင် ၈၉၃၁ ပင် စုစုပေါင်း သစ်မျိုး ၁၃ မျိုး၊ ပျိုးပင် ၉၂၉၃၁ ပင် ပျိုးထောင်ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ပျိုးပင်များဖြန့်ဝေရာတွင် အမှန်တကယ် စိုက်ပျိုးလိုသူများ လက်ဝယ်ရောက်ရှိစေရေး ဖြန့်ဝေဆောင်ရွက်ရန် မှာကြားခဲ့သည်။



ဆက်လက်၍ မြို့မ(အမြဲတမ်း)ပျိုးဥယျာဉ်၌ ပျိုးထောင်ထားရှိသည့် ပျိုးပင် ၄၅၁၃၃ ပင်၏ ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မိတ္ထီလာခရိုင် (၃) မြို့နယ်၌ ကျေးလက်လူမှုစီးပွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မိတ္ထီလာ မေ ၂၂**

မိတ္ထီလာခရိုင်(၃)မြို့နယ်ရှိ မြို့နယ်များ၌ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်း ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည့် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၃)နှစ်/(၅)နှစ် စီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည်စိုးသည် ယနေ့တွင် သမဝါယမအသင်းအမှုဆောင်များ၊ အသင်းသားများနှင့်တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဘုန်းမြတ်**



# ပခုက္ကူမြို့နယ်၌ ဒေသခံတောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**ပခုက္ကူ မေ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ပြုလုပ်ရာ ဘဏ်မန်နေဂျာ ဦးမောင်မောင်ဦးက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ပခုက္ကူမြို့နယ် တင်းဂါတ်ကျေးရွာအုပ်စု တင်းဂါတ်ကျေးရွာရှိ ဒေသခံတောင်သူ ၁၆ ဦး၏ လယ် ၁၀၉ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းမိုးရာသီ စိုက်ပျိုးစရိတ်ငွေကျပ် ၂၇၂၅၀၀၀၀ ကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# ချောင်းဆုံမြို့ ကလော့ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအတွင်းရှိ တံတားသုံးစင်း၌ မြေထိန်းနံရံ ဆောင်ရွက်ပြီးစီး

**ချောင်းဆုံ မေ ၂၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာလယ်ယာကုန်ထုတ်လမ်းအတွင်းရှိ တံတားသုံးစင်း၌ မြေထိန်းနံရံဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ လယ်ယာကုန်ထုတ်လမ်းကို လယ်ယာထုတ်ကုန်များ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် ကျောက်ချောလမ်း လမ်းအရှည် ၁ ဒသမ ၅ မိုင်နှင့်အတူ ပေ ၄၀ တံတား တစ်စင်း၊ ပေ ၂၀ တံတား နှစ်စင်း ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တံတားသုံးစင်းတွင် မြေထိန်းနံရံများ ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# စေတုတ္တရာမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေး



**စေတုတ္တရာ မေ ၂၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မျိုးအောင်သည် ယမန်နေ့က မကြီးစု (၁)ကျေးရွာ၌ ကျေးရွာရှိမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူများနှင့်တွေ့ဆုံ၍ ပေါင်ပုပ်၊ လက်ပုပ်ရောဂါအကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် ကျေးရွာရှိ နွားကောင်ရေ ၁၉၆ ကောင်အား ပေါင်ပုပ်၊ လက်ပုပ်ရောဂါနှင့် ထောင့်သန်းရောဂါကာကွယ်ဆေးများကို ကွင်းဆင်း၍ အခမဲ့ ထိုးနှံပေးကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**

## နိုင်ငံတကာအားကစား





ဆော်ဒီပရိုလိဂ်အမှတ်ပေးဖလား လက်ခံရယူပြီးနောက် အယ်နာဆာအသင်းသားများ အောင်ပွဲခံစဉ်။

# တံတားဦးမြို့နယ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**တံတားဦး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းဝင်းရှိ ယာယီမြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက အမှာစကားပြောကြားပြီး တံတားဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ရဲတင့်(ပြန်/ဆက်)**



# ရော်နယ်ဒို၏ အယ်နာဆာအသင်း ဆော်ဒီပရိုလိဂ်အမှတ်ပေး ဖလားဆွတ်ခူး

ဆော်ဒီပရိုလိဂ်အမှတ်ပေးပြိုင်ပွဲ ရာသီပိတ်နောက်ဆုံးပွဲစဉ်အဖြစ် မေ ၂၂ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အယ်နာဆာနှင့် ဒါးမက်စ်အသင်းပွဲစဉ်တွင် အယ်နာဆာအသင်းက တိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်ဒို၏ ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အယ်နာဆာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် ရမှတ် ၈၆ မှတ်ဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ် နောက်ပိုင်း ဆော်ဒီပရိုလိဂ်အမှတ်ပေးဖလားကို တစ်ကျော့ပြန်ဆွတ်ခူးနိုင်ခဲ့သည်။ အသက် ၄၁ နှစ်အရွယ် တိုက်စစ်မှူး ခရစ္စတီယာနိုရော်နယ်ဒိုသည် ၂၀၂၂-၂၀၂၃ ရာသီတွင် ဆော်ဒီအာရေဗျကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် ပထမဆုံးအကြိမ် ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဆော်ဒီပရိုလိဂ်အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်တွင် အယ်ဟီလယ်အသင်းက ရမှတ် ၈၄ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မန်ဒီ၊ ဖရန့်ခ်ကက်ဆီ၊ မာရက်ဇ်၊ အီဗန်တိုနေ စသည့် နာမည်ကြီးထိပ်တန်းကစားသမား များ ပိုင်ဆိုင်ထားသည့် အယ်အာလီအသင်းက ရမှတ် ၈၁ မှတ်ဖြင့် အဆင့် (၃) တွင် ရပ်တည်နိုင်ခဲ့သည်။ **အောင်ဇော်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ရှိ မိုင်းရယ်-ကျေးသီးသွား ပြည်ထောင်စုလမ်းမကြီးဘေးရှိ စည်းကမ်းမဲ့စွန့်ပစ်ထားသော အမှိုက်များအား မေ ၂၂ ရက်က မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးဌာနမှ စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။ မိုင်းရယ်(ပြန်/ဆက်)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော နှမ်းစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသော ကျောက်ဆည်မြို့နယ် ရွှေလေးကျေးရွာ ရွှေလေးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း အသင်းသားတောင်သူ ဦးဝင်းသိန်း၏ ကွင်းအမှတ်(၁၃၇/က)၊ ဦးပိုင် အမှတ်(၁၀/၁)တွင် စိုက်ပျိုးထားသော ရွှေမနော် နှမ်းစပါးစိုက်ခင်း ၅ ဧက၌ ပေါင်းနုတ်ခြင်း၊ တမန်းနိုးခြင်း၊ သွင်းအားစုမြေဩဇာကြဲပက်နေမှုများကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

## မိုင်းဆတ်မြို့၌ ခရိုင်ဒေသန္တရစီမံကိန်းတာဝန် ပေးအပ်



မိုင်းဆတ် မေ ၂၂

မိုင်းဆတ်ခရိုင်၏ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၂၁ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက စီမံကိန်းတာဝန်ပေးအပ်ရသည့် ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းများ အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အမှာစကားပြောကြားပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီး ဒေသန္တရစီမံကိန်းလုပ်ငန်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ခရိုင်(ပြန်/ဆက်)

## ချောင်းဦးမြို့၌ ချည်မျှင်ရှည်ဝါ အခြောက်ချစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

ချောင်းဦး မေ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်း၌ ချောင်းဦးမြို့ မြို့သစ်ကွင်း တောင်သူဦးတင်၏ စိုက်ကွင်းတွင် ရွှေတောင်၁ဂ ချည်မျှင်ရှည်ဝါ အခြောက်ချစိုက်ပျိုးခြင်း သရုပ်ပြ ဆောင်ရွက်ခဲ့သည်။

သရုပ်ပြ ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး



ကော်မတီအဖွဲ့ဝင် ဦးဝင်းနိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် တောင်သူများ ပါဝင်ဆောင်ရွက်ခဲ့သည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## ရေတာရှည်မြို့နယ်၌ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ပေးအပ်

ရေတာရှည် မေ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် လယ်မြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ကြဲပက်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု တောင်နန်ချွန်ကျေးရွာ ကွင်းအမှတ် (၆၇၃) တောင်သူ ဦးဇော်မင်းထွန်းပါ တောင်သူ လေးဦး၏ မိုးစပါးစိုက်



ကေ ၁၂ ကေတွင် ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သဲဆန်ကုန်းကြော ရေိယာများ မြေဆီလွှာ ဖွံ့ဖြိုးစေရန် ပိုက်ဆံလျှော်နှင့် ပဲမျိုးစုံကို ကြဲပက်ပြီး မိုးစပါးမစိုက်ခင် ကြိုတင်စီမံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက တောင်သူများအား ပိုက်ဆံလျှော် မျိုးစေ့များ ပေးအပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ စုပေါင်း၍ မျိုးစေ့များ ကြဲပက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်၌ မျိုးစေ့နှင့် သွင်းအားစုထောက်ပံ့ပေးအပ်

မိတ္ထီလာ မေ ၂၂

မိတ္ထီလာမြို့နယ်၌ မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်ရရှိရေး စံပြကွက်



များအတွက် မျိုးစေ့နှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက မျိုးစေ့ထုတ်စံပြကွက်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်များ စိုက်ပျိုးသွားမည်ဖြစ်ရာ ၎င်းစိုက်ကေများအတွက် မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက မျိုးစေ့ထုတ်စိုက်ခင်းနှင့် ပန်းတိုင်ရရှိရေးစံပြကွက် စိုက်တောင်သူများ၏ စိုက်ကေ ၁၀၀ တို့အတွက် မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## မိုင်းပျဉ်းမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံပေး

မိုင်းပျဉ်း မေ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၌ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက ယမ်းမိုင်ကျေးရွာအုပ်စု ယမ်းမိုင်ကျေးရွာအတွင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်သန်းက မွေးမြူခြံများသို့ သွားရောက်၍ တိရစ္ဆာန်မွေးမြူရေးနှင့်ပတ်သက်၍ အသိပညာပေးပြီး ရောဂါကာကွယ်ဆေးထိုးနှံပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ



မြို့နယ်အုပ်ချုပ်ရေးမှူးက ကြည့်ရှုအားပေးခဲ့သည်။

နန်းသန္တာဦး(ပြန်/ဆက်)

## မင်းဘူးမြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မင်းဘူး မေ ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး ဦးထွန်းအောင်ကျော်က ပြည်တွင်းအခွန်များဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့်အချက်များနှင့် အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များ စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

## ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေး လှုပ်ရှားမှုများ ဆောင်ရွက်

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေးအတွက် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်း၊ အသံချဲ့စက်ဖြင့် အသိပေးကြေညာခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဌာနဆိုင်ရာများပူးပေါင်း၍ မေ ၂၁ ရက်က မြို့နယ်အသီးသီး၌ ဆောင်ရွက်ခဲ့သည်။



မြို့နယ်(ပြန်/ဆက်)



ခင်စန်းမြင့်(ပြန်/ဆက်)



အိရွှေစင်လတ်



မြို့နယ်(ပြန်/ဆက်)



ဝေယံ(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် ဌာနဆိုင်ရာရုံးများ၊ စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များအား မေ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ထက်မြင့်(ကျွန်းစု)

## လပွတ္တာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**လပွတ္တာ မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပျဉ်ထောင်တွင်းကျေးရွာရှိ သဒ္ဓမ္မရံသီဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရာ လပွတ္တာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက အမှာစကားပြောကြားသည်။



ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်တို့က ဆွေးနွေးကြပြီး စက်မှုလယ်ယာ ဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## သထုံမြို့နယ်၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**သထုံ မေ ၂၂**

မွန်ပြည်နယ် သထုံမြို့နယ် ကတိုက်ကလေးကျေးရွာ၌ မေ ၁၉ ရက်က ကတိုက်ကလေးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ နိုင်ငံတော်ထောက်ပံ့ငွေ ၅၀ ရာခိုင်နှုန်းဖြင့် ထောက်ပံ့ပေးထားသည့် ဒယ်ဒေါင်ထွန်စက်ဖြင့် အသင်းသားတောင်သူတစ်ဦး ပိုင်ဆိုင်သည့် လယ်ဧက ၅၀ တွင် လယ်ယာလုပ်ငန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူ အချင်းချင်းပူးပေါင်းဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို မြို့နယ်အသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဥတ္တရသီရိမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲ ကျင်းပ



**ဥတ္တရသီရိ မေ ၂၂**

နေပြည်တော် သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ဥတ္တရသီရိမြို့နယ်ရှိ လုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် အခွန်ပညာပေး ဆွေးနွေးပွဲကို ယမန်နေ့က ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ဥတ္တရသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး သီရိငါးမြို့နယ် အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**



## ညောင်ရွှေမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားပေါက် သင်တန်းဖွင့်

**ညောင်ရွှေ မေ ၂၂**

ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ညောင်ရွှေငါးလုပ်ငန်းစခန်း၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်သင်တန်းဖွင့်ပွဲကို မေ ၁၉ ရက်က ဖွင့်လှစ်ရာ ဒုတိယပြည်နယ်ဦးစီးမှူး ဦးမင်းမင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် စခန်းတာဝန်ခံ ဦးရဲမင်းဦးက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**ကမာရွတ် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန ကမာရွတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အသစ်ပြဋ္ဌာန်းလိုက်သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ကမာရွတ်မြို့နယ် အထက(၃) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသော်က ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားသည်။ **စိမ်းလဲ့(ပြန်/ဆက်)**



## အမရပူရမြို့နယ်၌ နှမ်းသီးနှံစိုက်တောင်သူများအား ကွင်းသရုပ်ပြပွဲ ကျင်းပ



**မန္တလေး မေ ၂၂**

အမရပူရမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက တောတွင်ကျေးရွာအုပ်စု၌ (စပါး၊ နှမ်း၊ ပဲတီစိမ်း) စိုက်ပျိုးတောင်သူများအား ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် သဘာဝမြေဩဇာ၊ သဘာဝပိုးနှင့် ဆေးပြုလုပ်သုံးစွဲခြင်းကို တောင်သူများအား လက်တွေ့ကွင်းသရုပ်ပြပွဲ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး ကြီးကြပ်အဖွဲ့ဝင် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများနှင့် တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**



အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို မေ ၂၀ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁) တောင်ဒဂုံစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးခန်းမ၌ ကျင်းပရာ လူမှုဖူလုံရေးဥပဒေနှင့် အလုပ်သမားရေးရာဆိုင်ရာ အကြောင်းအရာများကို သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်သင်ကြားစဉ်။ နေမျိုးအောင်

## ဒိုက်ဦးမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**ဒိုက်ဦး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ၂၀၂၆ မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၁၉ ရက်က ဗျိုင်းချယ်ကျေးရွာအုပ်စု(၁)အုပ်စု ဧက ၁၃၈၆ ဧက အတွက် တောင်သူ ၁၇၉ ဦးအား ငွေကျပ်သိန်းပေါင်း ၄၁၅၈ ကို ထုတ်ချေးပေးခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**စိုးထက်ကျော်(ပြန်/ဆက်)**





## ဘီးလင်းမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေး

**ဘီးလင်း မေ ၂၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေ ၁၉ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနှင်းဝေမျိုးနိုင်နှင့် ဝန်ထမ်းများက နှင်းပုလဲကျေးရွာအတွင်းရှိ ကျွဲ၊ နွား မွေးမြူထားရှိသော အိမ်များသို့ သွားရောက်ကာ ကျွဲအကောင် ၇၀ နှင့် နွားအကောင် ၁၈၀ စုစုပေါင်း အကောင်ရေ ၂၅၀ တို့ကို ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အပူဒဏ်အန္တရာယ် ကာကွယ်ရေး

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍လေဝင်လေထွက် ကောင်းသောနေရာများတွင် နားနေပါ။

# ရွှေမိုးကောင်းကွန်ဒို မှ အထူးပရိုမိုးရှင်း

(၂၅%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။

**Condo Facilities**

- (24 Hour) Lift/Electricity/Security & CCTV
- Own Meter Sub Meter
- Fiber Internet System
- Swimming Pool & Gym
- Play Ground & Garden
- EV Car Station
- Grond Floor Area, Shopping Mall
- Sqft (1000) အထက်ကို ကားပါကင် (၁)စီးရာသက်ပန်အပိုင်ရရှိခွင့်
- Sqft (1000) အောက်ကို ကားပါကင် (၁)စီး (၅)နှစ် Free ရပ်နားခွင့်
- Water System, Overhead Tank & Underground Tank

ဆက်သွယ်ရန်ဖုန်း - ၀၉-၃၆၁၂၈၈၁၄၊ ၀၉-၂၅၄၀၃၄၈၅၁




## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
## ကတ္တရာ၊ ပရီမီယံဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်း အိတ်ဖွင့်တင်ဒါ အမှတ်စဉ် (၁) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ လမ်းအထူးအဖွဲ့ (၃)နှင့်ခရိုင်များမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ အတွက် လိုအပ်သော (၈၀/၁၀၀) ကတ္တရာ၊ ပရီမီယံဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၅-၂၀၂၆ ရက်မှ ၅-၆-၂၀၂၆ ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** - ၈-၆-၂၀၂၆ ရက်၊ (၁၆:၀၀) နာရီ
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၉-၆-၂၀၂၆ ရက်၊ နံနက် (၁၀:၀၀) နာရီ
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၃၁၇၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အမည်ပြောင်းခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ Junior ကိုယ်ပိုင်ကျောင်းမှ Grade-7 အောင်မြင်သူ (ဘ) ဦးခိုင်ဇော် ၇/တငန(နိုင်) ၁၆၉၃၃၄ ၏သမီး မမြတ်နိုးခင် အား မပိုးမြတ်ဟေသာဟုပြောင်းလဲ ခေါ်ဆိုပါရန်။

**မပိုးမြတ်ဟေသာ**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အထက နတ်စင်ကုန်း Grade-6 ( ၂၀၂၆-၂၀၂၇ ပညာသင်နှစ်) မှ မောင်ကောင်းခန့်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်းဇော် ၁၂/ကမရ(နိုင်)၀၀၂၅၈၅ နှင့် မိခင်အမည်မှန်မှာ ဒေါ်ခိုင်ရည်မွန် ၈ /ရနခ(နိုင်) ၀၇၂၀၅၁ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်းဇော် - ဒေါ်ခိုင်ရည်မွန်**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကုက္ကိုဂွကျေးရွာအုပ်စု၊ ဂျုတ်ကုန်းကျေးရွာနေ ဦးဝင်းမောင်၏သမီး မမြမြမိုး ၈/ တတက(နိုင်) ၁၂၄ ၀၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၃၈၈၄၅၁၇

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ လေးပင်ကုန်းကျေးရွာအုပ်စု လေးပင်ကုန်းကျေးရွာနေ ဦးဝင်း၏သား မောင်ကျော်သူဝင်း ၈/ခမန(နိုင်) ၁၉၂၉၁၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် MJ 890779 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၃၅၇၆၆၈၂

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၇)၊ လူနေရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၁၈၀)၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ ဦးမြတ်လေး အမည်ပေါက်မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်စန္ဒာအေး(ခ) ဒေါ်မာလု (၅/မကန(နိုင်) ၀၃၂၁၃၂)မှ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဝေယံအောင်** | **ဒေါ်ဖွန်မေဒေး LL.B** |
| **(၉/ခအဇ (နိုင်) ၀၀၁၂၂၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)** |

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၀၂၄၄၃၁၆**

## ဒါရိုက်တာဘုတ်အဖွဲ့ဝင် ပြောင်းလဲမှုကို အများသိစေရန်ကြေညာခြင်း

BRAC Myanmar Microfinance Co.,Ltd သည် (လိုင်စင်အမှတ်-၀၁၉၀/၂၀၁၅) သည် ယခင် ဒါရိုက်တာဘုတ်အဖွဲ့ဝင် (၄) ဦး အနက်မှ Johannes Maria Antonius Eskes (Passport No-NWFJ3DPD1) နုတ်ထွက်၍ အဖွဲ့ဝင် (၂) ဦးဖြစ်သော Paul Richard Broholm (Passport No-NWRKLL3B2) နှင့် Mahbub Mannan (Passport No- 560988683) တို့အား အသစ်ခန့်အပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**BRAC Myanmar Microfinance Co., Ltd**
**အမှတ် (၆၉ - က)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5609 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ (၀.၁၀၆ဧက)ရှိ မြေကွက်အမှတ် (ပ-၂၃၅၅)ကို အမည်ပေါက် ဦးကျော်သန်း (ဘ)ဦးဖိုးတုတ် ၁၃/နမတ(နိုင်)၀၁၁၇၄၄မှ ဦးလင်းထက်ခိုင် (ဘ) ဦးရွှေကြိုင် ၉/ပဗသ(နိုင်)၀၂၃၇၁၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ်(၃၁၊ ကချင်စုရပ်)၊ ဦးပိုင်အမှတ်(၁၀၁/က)၊ မြေဧရိယာ(၀ဒသမ ၁၅၀)ဧကရှိမြေကွက်သည် မူလက ဒေါ်တွမ်တုံရှမ်းအမည်ဖြင့် (၂၇-၂-၂၀၁၆) ရက်အထိမြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး၊ ဂရန်အမည်ပေါက်သူ ဒေါ်တွမ်တုံရှမ်းထံမှ ဒေါ်ဂျာရိန်ထွယ်က (၁၃-၅-၂၀၁၂)ရက်စွဲပါနှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဒေါ်ဂျာရိန်ထွယ်၊ ၁/မကန(နိုင်)၁၉၉၆၇၃အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့် ကြောင်း ယခု ကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် ( မ - ၂ / ပဒေသာ )၊ ဦးပိုင်အမှတ် (၁၄၂)၊ မြေဧရိယာ ( ၀.၀၅၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးထွဋ်ဇင်ဝင်း (၇/ပမန(နိုင်)၁၆၅၈၂၅) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါကပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁-ခ၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၅၇၉/204)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိ မြေကွက်သည် မူလက ဦးကိုလေးအမည်ဖြင့် ယာယီမြေပေးမိန့် ရရှိထားသောမြေကွက်ဖြစ်ပြီး၊ ယာယီမြေပေးမိန့်ရရှိသူဦးကိုလေးထံမှဦးထွန်းထွန်းနိုင်နှင့်ဒေါ်ခေါန်နန် တို့က(၈-၂-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူ ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးထွန်းထွန်းနိုင်၊ ၁/မကန(နိုင်)၀၀၄၁၂၇၊ ဒေါ်ခေါန်နန် ၁/မကန(နိုင်)၀၁၂၂၈၅ တို့ အမည်ဖြင့် မြေငှားဂရန် အသစ်ရရှိရေးအတွက်(၁၁-၂-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်/ကတိသစ္စာပြုဆိုလွှာအမှတ်(၈၈/၂၀၂၆)ကို(၁၈-၂-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်/ကတိသစ္စာပြုဆိုလွှာ မှတ်ပုံတင်အမှတ်(၀၈၆/၂၀၂၆)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၅/၁၊လီဆူ)၊ ဦးပိုင်အမှတ်(၂၅၇)၊ မြေဧရိယာ (၀.၀၅၅)ဧကကို မြို့မြေနေရာချထားရေးကော်မတီ၏(၁၃-၁-၂၀၁၃)ရက်စွဲပါစာအမှတ် ၁/၁-၁/ မြို့မြေနေရာချထားရေးဖြင့် ဒေါ်ထွယ်ဂျာ(ခ) မေရုပ်အမည်ဖြင့် ယာယီမြေပေးမိန့်ရရှိခဲ့ပြီး၊ ဒေါ်ထွယ်ဂျာ(ခ) မေရုပ်၊ ၁/မကန(ပြု)၀၀၀၅၁၄ အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၂၅၅၄, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလွင် ၆/ကစန(နိုင်)၀၅၁၂၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/3919, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ချို ၆/ထဝန (နိုင်) ၀၀၀၄၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၄၁၀၃၀, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၇/အဖန (နိုင်)၀၁၆၆၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ ဧည၀တီလမ်း၊ အမှတ်(၃၀၇၅)ဟုခေါ်တွင် သော (ပေ၄၀ x ပေ၆၀ ) ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးသန်းထိုက်အောင် (၁၂/လမန(နိုင်)၁၁၄၂၁၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွေး (၇/သနပ(နိုင်)၁၂၉၅၉၁)နှင့် ဒေါ်ဖြိုးဆန္ဒသိန်း (၁၂/ဒဂတ(နိုင်)၀၈၁၅၉၄)တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာမာမြင့်(LL.B,LL.M,DIPL, DIL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၁)**
**အမှတ်(၁၃၈)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၀ ၉၂ ၅၀ ၅၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၇၀၄၉၉, OWL -110 ယာဉ်လက်ဝယ်ရှိသူ ဦးနေကျော် ၁၄/မမန(နိုင်)၁၁၁၀၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/43073, Haojue 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာ ၁၄/ဖပန(နိုင်) ၁၉၁၇၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၄၉၇၀, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းနွဲ့ ၆/သရခ(နိုင်) ၀၅၇၉၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၂၅၃, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိလှိုင် ၆/ထဝန(နိုင်)၀၉၃၆၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် အ.လ.က (ခွဲ) တုံကင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်မိုးဝေယံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ထိုက် ၇/ပတန(နိုင်)၁၃၂၅၂၆ (ကွယ်လွန်)၊ မိခင် ဒေါ်မို့မို့ဝင်း ၇/ပတန(နိုင်)၁၄၃၁၆၁ ဖြစ်ပါကြောင်း။ **ဦးဇော်ထိုက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4627, Hyundai Starex Mini Bus (4x2) (L)ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမြတ်အေး ၃/ကကရ(နိုင်)၁၂၇၁၃၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

## ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး နေပြည်တော် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား လုပ်ငန်းတင်ဒါ ပေးဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ နိုင်ငံသားလုပ်ငန်းရှင်များ .. လာရောက်ယှဉ်ပြိုင် တင်သွင်းနိုင်ကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

(က) Steel Structure ၉၀ ပေ x ၆၀ ပေ (၁)ထပ် ဂိုဒေါင်ဖျက်သိမ်းပြီး အသစ်တည်ဆောက်ခြင်းလုပ်ငန်း

(ခ) ရုံးအဆောက်အအုံ နံရံ၊ ကြမ်းခင်းများပြုပြင်ခြင်း၊ Apron + Drain ပြုပြင်ခြင်း၊ အုတ်တံတိုင်းများပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း

၂။ စိတ်ပါဝင်စားသူနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ပါအတိုင်း လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ် ၀၉-၄၅၈၀၃၂၆၆၉၊ ၀၉-၆၉၂၅၄၉၉၂၇၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၅ - ၅ - ၂၀၂၆ ရက်(တနင်္လာနေ့)

(ခ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** - ၂၆ - ၆ - ၂၀၂၆ ရက်(သောကြာနေ့)

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ လားရှိုး(၂)လမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် ကတ္တရာ၊ရေပေးရေး လုပ်ငန်းသုံးခါတုပစ္စည်းများ၊ ရေပေးရေးပိုက်များ ဝယ်ယူခြင်းကို စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များမှ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ပါသည်-

| စဉ် | Lot No | ပစ္စည်းအမျိုးအစား | တည်နေရာ |
|---|---|---|---|
| (က) | Lot No(1) | ကတ္တရာ(၈၀/၁၀၀)အမျိုးအစား (၂၅၀)တန် | မော်လမြိုင်မြို့ |
| (ခ) | Lot No(2) | Chlorine(NaOcl,Liquid)21m³/ PAC(72500kg)/Polymer(4000kg)/ Reagent (1Lot) | မော်လမြိုင်မြို့ |
| (ဂ) | Lot No(3) | Thickness MS Sheet(20'x5'x5.8mm) (14.5Sheet) | မော်လမြိုင်မြို့ |
| (ဃ) | Lot No(4) | Pressure Sand Filter(1 Set) တပ်ဆင်ခြင်း | မော်လမြိုင်မြို့ |
| (င) | Lot No(5) | HDPE Pipe class PN-12.5(PE-80) OD 75mm(688m)/ OD90mm (2933m)/OD160mm(932m) | မော်လမြိုင်မြို့ |
| (စ) | Lot No(6) | Street Light100 Watt (103PC)၊ 60Watt (100 PC) | မော်လမြိုင်မြို့ |
| (ဆ) | Lot No(7) | 3"Ø PVC Pipe(13.5)Class/ HDPE Pipe OD 75mm (1800') | မုဒုံမြို့ |
| (ဇ) | Lot No(8) | HDPE Pipe OD 220mm PN-10(240m) | သံဖြူဇရပ်မြို့ |

(ဈ) တင်ဒါလျှောက်လွှာ (ရောင်းချမည့်ရက်၊ အချိန်) - (၂၅-၅-၂၀၂၆)ရက် (တနင်္လာနေ့)မှ (၅-၆-၂၀၂၆)ရက် သောကြာနေ့ထိ ရုံးချိန်အတွင်း

(ည) တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့်ရက်၊အချိန် - (၉-၆-၂၀၂၆)ရက် အင်္ဂါနေ့ မွန်းလွဲ(၂:၀၀)နာရီ

(ဋ) ဖွင့်လှစ်မည့်ရက် - (၉-၆-၂၀၂၆)ရက် အင်္ဂါနေ့

(ဌ) နေရာ - မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကျိုက္ခမီလမ်း၊ မောင်ငံရပ်၊ မော်လမြိုင်မြို့

၂။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်-၀၉-၆၉၅၉၉၉၆၆၀ နှင့် ၀၉-၇၉၁၇၉၁၃၉၃ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အိတ်ဖွင့်တင်ဒါပိတ်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ဝန်ကြီးရုံး၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူမည့် Non- Control Item ၊ Machinery & Equipment၊ Office Equipment၊ Furniture & Software ပစ္စည်းများဝယ်ယူရန်အတွက် ၈-၅-၂၀၂၆ ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၉-၅-၂၀၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ကြော်ငြာခဲ့သည့် တင်ဒါပိတ်ရက် ၂၂-၅-၂၀၂၆ ရက်(သောကြာနေ့)အား လုပ်ငန်းလိုအပ်ချက်အရ ၇-၆-၂၀၂၆ရက် (တနင်္ဂနွေနေ့) ၁၆:၃၀ နာရီသို့ ပြင်ဆင်သတ်မှတ်ပါသည်။

**ဝန်ကြီးရုံး၊ ပညာရေးဝန်ကြီးဌာန**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကရင်ပြည်နယ် (ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် လမ်း/တံတားလုပ်ငန်းများတွင် လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ(လုပ်ငန်းခွင်အရောက်)ဝယ်ယူခြင်း၊ ယာဉ်၊ စက်ယန္တရားငှားရမ်းခြင်း(လုပ်ငန်းခွင်အရောက်)လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၂၆-၅-၂၀၂၆)ရက်မှ (၈-၆-၂၀၂၆) ရက်အထိ(ရုံးချိန်အတွင်း)

**တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန်** - (၉-၆-၂၀၂၆)ရက် (၁၀:၀၀)နာရီမှ(၁၆:၀၀)နာရီအထိ

**တင်ဒါတင်သွင်းရမည့်နေရာ**- ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စိန်ပန်းပြာလမ်း၊ အမှတ် (၅)ရပ်ကွက်၊ ဘားအံမြို့။

**တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၂။ တင်ဒါလျှောက်လွှာများနှင့် အသေးစိတ်အချက်အလက်များအား ဘားအံခရိုင်အတွင်း တင်ဒါ လုပ်ငန်းများအတွက် ဘားအံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်းကောင်း၊ ကော့ကရိတ်ခရိုင်အတွင်း တင်ဒါလုပ်ငန်းများအတွက် ကော့ကရိတ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတွင်လည်းကောင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၇၉၅၀၈၂၆၇(ဘားအံခရိုင်)
၀၉-၄၅၂၁၄၃၅၃၅ (ကော့ကရိတ်ခရိုင်)

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၂)၊ မြေကွက်အမှတ် (၁၀ဂျီ/၂)၊ မြေဧရိယာ (၀.၁၅၂) ဧကအကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၂) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်လေးဆင့် (ဘ) ဦးလှမြင့်(၁၂/ရကန(နိုင်)၀၂၆၃၈၇)၊ အမှတ် (၂)၊ မြဝတီလမ်း၊ ၁၆- ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ(H.G.P,LLB,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂)၊ မြေကွက်အမှတ်(၁၈၅၆) ဟုခေါ်တွင်သော မြေအလျား x အနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၁၈၅၇)နှင့် ကပ်လျက်အခြမ်း] ပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်စိန် (CF-၀၇၈၉၅၅)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးမြင့်ဦး (၁၂/ဒဂတ(နိုင်)၀၁၃၀၅၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်စန္ဒာလွင် (၁၂/ရကန(နိုင်)၀၀၄၁၇၀)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉ -၄၅၆၉၉၆၇၇၆၊ ၀၉ -၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာ၊ ကွင်းအမည် ညောင်တပင်ကွင်း၊ ကွင်းအမှတ် (၅၁၀)၊ ဦးပိုင်အမှတ်(၂၀)အတွင်းမှ အလျားပေ ၈၀x အနံ ပေ၆၀)ရှိ မေတ္တာလမ်း၊ အမှတ်(၁၅၃)နှင့်(၁၅၄)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်တို့နှင့်ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးမိုးကျော်အောင်(၄/ပလဝ(နိုင်)၀၃၇၃၃၆) ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ ရောင်းဖိုးငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**U Pe Za Mang (၄/မတပ(နိုင်)၀၁၂၂၉၈)၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချယ်ရီဝင်း (LL.B,DBL,WIPO(switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)**
**အမှတ် ၆၄၀ ၊ သမိုင်း(၇)လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊(၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉-၄၀၁၅၅၁၆၆၀**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အလက(မြောက်ကုန်း)ကျောင်း Grade-5 မှ (ဘ)ဦးအောင်ကိုမင်း ၈/ဂဂန(နိုင်)၀၀၂၃၄၉ ၏ သမီး မသီရိအောင်ကိုမင်း၏ အမည်အား မခွန်းဆက်ချိုဟု ပြောင်းလဲခေါ်ဆိုရန်။ **မခွန်းဆက်ချို**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အထက(မြို့မ)ကျောင်း Grade-2 မှ (ဘ) ဦးသက်ဇော်ဖြိုး ၈/ဂဂန(နိုင်)၁၁၁၂၃၃ ၏ သမီး မအေးယမုံထွန်း ၏ အမည်အား မပိုးသီရိကျော်ဟု ပြောင်းလဲခေါ်ဆိုရန်။ **မပိုးသီရိကျော်**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အ.ထ.က (ကျုံမငေး)ကျောင်း၊ (Grade-8) အောင်မြင်ပြီးသော မမေမှုးသခင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၁၄/လပတ (နိုင်)၁၈၅၄၅၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ခေမာ (၄)လမ်း၊ မြေကွက် အမှတ် (၁၃၈/က)၊ မြေအကျယ်အဝန်းပေ(၂၀x၆၀)ရှိ ဦးမောင်ချစ် (AG-၀၄၆၃၅၂) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (၁၀x၆၀)ပေ (ဂရန်မိတ္တူ- ခြေရင်းခြမ်း)နှင့် ယင်းမြေကွက်ပေါ်ရှိ (၂) ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးကျော်မင်းလတ် (၁၂/တကန(နိုင်)၁၂၂၆၄၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူဇာလွင် (၁၂/ဥကမ(နိုင်) ၁၈၆၁၄၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းစန်းယုမော်(LLB, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၅၉၁)**
